# မြဝတီ
နေ့စဉ်

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၇၂)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်
၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၇ ရက်၊ တနင်္လာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်တည်ထောင်ခြင်း (၃)နှစ်ပြည့်အထိမ်းအမှတ်နှင့် ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် တည်ထောင်ခြင်း (၃)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်နှင့် ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများနှင့် မြန်မာ့ပင်လယ်ကမ်းရိုးတန်း လုံခြုံရေးအား ကာကွယ်စောင့်ရှောက်ရန်အတွက် ၄၈ မီတာ အမြန်သွားကင်းလှည့်ရေယာဉ် (၄) စင်း တပ်တော်ဝင်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အမှတ်(၃)ရေတပ်ဆိပ်ခံတံတား(သီလဝါ)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြားသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင်ရေယာဉ်များဖြစ်သော ၄၈ မီတာ အမြန်သွားကင်းလှည့်ရေယာဉ်များအား လှည့်လည်ကြည့်ရှုစဉ်။

**ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၇) ရက်မြောက်နေ့ ကောက်ယူနေပါသည်။**




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၇ ရက်)

# ပြည်သူတစ်ရပ်လုံး တက်ကြွစွာပူးပေါင်းပါဝင်

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ်ကွင်းဆင်းကောက်ယူနေသည့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းမှာ နိုင်ငံ့အကျိုးပြုအမျိုးသားလုပ်ရှားမှု ဖြစ်သည်။ နိုင်ငံတော်၏အနာဂတ်အတွက် နိုင်ငံတော်အစိုးရအဆက်ဆက်က ဆောင်ရွက်ရမည့်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍပေါင်းစုံအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် သန်းခေါင်စာရင်းကောက်ယူနေခြင်းဖြစ်သည်။ သန်းခေါင်စာရင်းမှရရှိလာသောအချက်အလက်များ အပေါ်အခြေခံ၍ ကဏ္ဍအလိုက် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် နိုင်ငံအကျိုးပြု ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်ကြီးဖြစ်သည်။ ထို့ကြောင့်လည်းလက်ရှိအနေအထားတွင် နိုင်ငံတော်တစ်ဝန်းလုံးသန်းခေါင်စာရင်းကောက်ယူခြင်းကို တက်ကြွစွာဆောင်ရွက်လျက်ရှိနေခြင်း ဖြစ်သည်။

လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းသည် အစိုးရနှင့်သာသက်ဆိုင်သည့် လုပ်ငန်းမဟုတ်ဘဲ နိုင်ငံအတွင်းရှိပြည်သူအားလုံးနှင့်သက်ဆိုင်သည့်လုပ်ငန်းဖြစ်သည်။ လူမျိုးရေးအရ လည်းကောင်း၊ ဘာသာရေးအရလည်းကောင်းကောက်ယူခြင်းမျိုးမဟုတ်ဘဲ နိုင်ငံအတွင်းမှီတင်းနေထိုင် ကြသူအားလုံး၏ လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးရန်ကောက်ယူနေခြင်းဖြစ်သည်။ ထိုသို့ကောက်ယူခြင်းဖြင့် လူတစ်ဦးချင်းစီမှ အဖွဲ့အစည်းအလိုက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကိုပြည့်စုံစွာကောက်ယူထားရှိနိုင်မှသာ နိုင်ငံတော်ကာကွယ်ရေး၊ ပညာရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးစသည်ဖြင့်ကဏ္ဍပေါင်းစုံအတွက်အခြေခံအသုံးပြုနိုင်မည်ဖြစ်သည်။

၂၀၁၄ ခုနှစ်တွင် သန်းခေါင်စာရင်းဆိုင်ရာမေးခွန်း ၄၁ ခုသာ မေးမြန်းကောက်ယူခဲ့သော်လည်း ယခု ၂၀၂၄ ခုနှစ်တွင် စာရင်းအင်းအချက်အလက်များပိုမိုပြည့်စုံစေရန်အတွက် မေးခွန်း ၂၇ ခုတိုးမြှင့်၍သန်းခေါင်စာရင်း ဆိုင်ရာမေးခွန်း ၆၈ ခုကိုမေးမြန်းကောက်ယူလျက်ရှိခြင်းဖြစ်သည်။ ထပ်မံတိုးမြှင့်ကောက်ယူမည့်အချက် အလက်များအနက် ပညာရေးကဏ္ဍတွင် ပညာဆက်လက်မသင်ကြားရသည့်အဓိကအကြောင်းနှင့် အိမ်အကြောင်းအရာကဏ္ဍတွင် အမှိုက်စွန့်ပစ်မှုစနစ်၊ သန့်ရှင်းမှုစနစ် စသည်တို့အား တိုးမြှင့်မေးမြန်း ထားသည်။ ဤမေးခွန်းများမှာလည်း နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများအတွက်လိုအပ်ချက်ကို သိရှိပြီး ဖြည့်ဆည်းပေးရန်မေးမြန်းခြင်းဖြစ်သည်။

ပညာရေးနှင့်ကျန်းမာရေးကဏ္ဍသည်လူတိုင်းအတွက်အရေးကြီးဆုံး အစိတ်အပိုင်းများဖြစ်သည်။ ပညာတတ်ပေါများမှနိုင်ငံဖွံ့ဖြိုးမည်ဖြစ်သလို ကျန်းမာသူများနေမှအလုပ်အကိုင်များလုပ်ကိုင်ဆောင် ရွက်နိုင်မည်ဖြစ်သည်။ ပညာရေးလိုအပ်ချက်၊ ကျန်းမာရေးလိုအပ်ချက်ကိုဖြည့်ဆည်းပေးရန်မေးခွန်း များမေးမြန်းခြင်းဖြစ်ပေရာ ပြည်သူများက ကြည်ဖြူစွာဖြေဆိုကြရမည်ဖြစ်သည်။ သန်းခေါင်စာရင်း ကောက်ယူခြင်းသည် အိမ်ထောင်စုစာရင်းပုံစံ(၆၆/၆) သို့မဟုတ် ပုံစံ(၁၀)ရှိခြင်း၊ မရှိခြင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြားရှိခြင်း၊ မရှိခြင်းနှင့်လည်းသက်ဆိုင်ခြင်းမရှိပါ။ သန်းခေါင်စာရင်းတွင် ထည့်သွင်း မကောက်ယူရမည့်သူများမှအပ သန်းခေါင်စာရင်းရည်ညွှန်းချိန်တွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ရှိနေသူအားလုံးကိုသာ စာရင်းကောက်ယူမည်ဖြစ်သည်။

လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှာ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေ၊ နိုင်ငံတွင်း နေထိုင်သူများ၏ ဒေသအလိုက်၊ အသက်အပိုင်းအခြားအလိုက်၊ မြို့ပြကျေးလက်အလိုက်လူဦးရေကို ရရှိနိုင်ရုံသာမက ပညာအရည်အချင်းနှင့် လုပ်ငန်းအမျိုးအစားအလိုက်၊ နေထိုင်မှုပုံစံအလိုက် လူဦးရေကို ခွဲခြားသိရှိနိုင်မည်ဖြစ်သည်။ ဒေသအလိုက်လိုအပ်ချက်များကို နိုင်ငံတော်အစိုးရကပံ့ပိုးပေးနိုင်မည်ဖြစ် သလို လိုအပ်နေသည့်လုပ်သားအင်အားကိုလည်း သိရှိနိုင်မည်ဖြစ်သည်။ အထူးသဖြင့် ကျွမ်းကျင်မှု လိုအပ်သည့်လုပ်သားများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ၊ ကျွမ်းကျင်မှုသင်တန်းများကို လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးနိုင်မည်လည်းဖြစ်သည်။

အလားတူ ကောက်ယူရရှိသော လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းပေါ်မူတည်၍ လူမှုဖူလုံရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ မသန်စွမ်းထောက်ပံ့ရေးအစီအစဉ်များကိုလည်း ကြိုတင် ပြင်ဆင်နိုင်မည်ဖြစ်သည်။ ထို့ပြင် လုပ်ငန်းရှင်များအတွက် ဈေးကွက်ရှာဖွေခြင်း၊ စားသုံးသူခန့်မှန်းခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်းများအတွက်လည်း အသုံးဝင်မည် ဖြစ်သည်။ လက်ရှိကောက်ယူလျက်ရှိသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင် စာရင်းမှာ နိုင်ငံတစ်ဝန်းရှိနိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး၏ ညီညွတ်သော အင်အားဖြင့် အောင်မြင်အောင်ဆောင်ရွက်နေခြင်းဖြစ်ပေရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အင်တိုက်အားတိုက် တက်ကြွစွာပူးပေါင်းဆောင်ရွက်နေခြင်းကိုဂုဏ်ယူပါကြောင်း ရေးသားလိုက်ရ ပေသည်။ ။

# ရေဘေးသင့်ပြည်သူများအတွက် ရန်ကုန်တိုင်းဒေသကြီးတွင် အလှူငွေ လက်ခံမည့် အစီအစဉ် အသိပေးကြေညာခြင်း

မုန်တိုင်းရာဂိ၏သက်ရောက်မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်း တို့၏အရှိန်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများတွင် ရေဘေးသင့်ခဲ့ရသည့် ပြည်သူလူထုအား ကူညီထောက်ပံ့နိုင်ရန်အတွက် ၉-၁၀-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီ ၃၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာခန်းမ၌ လှူဒါန်းမှုများကို အခမ်းအနားဖြင့် လက်ခံပေးသွားမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်စာရင်းပေးသွင်း လှူဒါန်းနိုင်ပါသည်-

(၁) ဦးမျိုးမြင့်အောင်၊ ဖုန်းနံပါတ် ၀၉၂၆၁၁၇၉၂၅၈

(၂) ဦးဌေးအောင်၊ ဖုန်းနံပါတ် ၀၉၂၆၁၁၇၉၂၅၆

(၃) ဦးခင်မောင်ဆန်း၊ ဖုန်းနံပါတ် ၀၉၄၅၅၃၃၉၃၃၉

(၄) ဦးကျော်ကျော်အုန်း၊ ဖုန်းနံပါတ် ၀၉၆၉၅၉၂၃၀၉၆

(၅) ဦးသန်းစိုး၊ ဖုန်းနံပါတ် ၀၉၂၅၀၁၂၃၈၈၅

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင် ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေး နိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက် မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန် ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူ အား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာ ရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# သဇင် (FM)အသံလွှင့်အစီအစဉ်

၇-၁၀-၂၀၂၄(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | ၃။ ၁၅:၀၀ | Jumping For You | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၄။ ၁၆:၄၀ | I Music | ၆။ ၂၂:၂၀ | Goodnight Listeners |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြန်အောင်မြို့နယ်မှထွက်ရှိသော နဂါးမောက်သီးများ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း အလုံးရေ ငါးသိန်းကျော် တင်ပို့ရောင်းချနိုင်ခဲ့



မြန်အောင် အောက်တိုဘာ ၆

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှထွက်ရှိသော နဂါးမောက်သီးများ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း အလုံးရေ ငါးသိန်းကျော် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြန်အောင်မြို့နယ် နဂါးမောက်စိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဌေးဌေးရီ၏ပြောပြချက်အရ သိရသည်။

မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း နဂါးမောက်သီးအလုံးရေ ငါးသိန်းကျော် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသတွင် အော်ဂဲနစ်နည်းဖြင့်စိုက်ပျိုးသည့် နဂါးမောက်သီးများ ထွက်ရှိကြောင်း သိရသည်။

''နဂါးမောက်သီးတွေကို အော်ဂဲနစ်နည်းနဲ့ စိုက်ပျိုးပါတယ်။ ဒီလိုစိုက်ပျိုးထားတဲ့အတွက် နဂါးမောက်သီးတွေက ရက်ရှည်အထားခံပါတယ်။ အရသာလည်းကောင်းမွန်တယ်။ ဈေးကွက်မှာလည်း ရောင်းပန်းလှသလို ဝယ်ယူသူတွေကလည်း ရိုးရိုးအသီးထက် အော်ဂဲနစ်သီးကို ပိုကြိုက်ကြတယ်။ လက်ရှိကာလက မြန်အောင်မြို့နယ်မှာ နဂါးမောက်သီးရောင်းအားကောင်းနေချိန်ဖြစ်ပါတယ်။ ဒေသထွက်နဂါးမောက်သီးတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်'' ဟု ဒေါ်ဌေးဌေးရီက ပြောသည်။

မြန်အောင်မြို့နယ်၌ အော်ဂဲနစ်နည်းဖြင့် တောင်သူတစ်ဦးလျှင် နဂါးမောက်တစ်ကေမှ ငါးကေအထိစိုက်ပျိုးကြပြီး ဒေသခံလုပ်ငန်းရှင်များ၊ တောင်သူများ၊ စိုက်ပျိုးရေးပညာရှင်များ ပူးပေါင်းစိုက်ပျိုးကြခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် အဆိုပါဒေသထွက်နဂါးမောက်သီးများ အရောင်းအဝယ်ကောင်းမွန်နေသည့်အတွက် လာမည့်ဆောင်းရာသီတွင် နဂါးမောက်ကေ ထပ်မံတိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးသွားသော မိုးစပါးများ ပြန်လည်စိုက်ပျိုးရန် တောင်သူများအား မျိုးစပါးများပံ့ပိုးပေးအပ်



ရမည်းသင်း အောက်တိုဘာ ၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်၌ စက်တင်ဘာလအတွင်းက ရာဂိမုန်တိုင်းအရှိန်ဖြင့် ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးသွားသော မိုးစပါးများ ပြန်လည်စိုက်ပျိုးရန် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့သို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ လှူဒါန်းထားသော မျိုးစပါးတင်း ၃၀ ပံ့ပိုးပေးအပ်ပွဲကို အောက်တိုဘာလ ၆ ရက်တွင် ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်စိုးက တောင်သူလယ်သမားများ၏စိုက်ပျိုးသီးနှံများ ထိခိုက်ပျက်စီးမှုများအပေါ် အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးများ အခမဲ့ပံ့ပိုးပေးခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးသန့်က သက်လျင်စပါးမျိုးများ တစ်ဧကလျှင် တစ်တင်းနှုန်းပံ့ပိုးပေးပြီး အချိန်မီ အတန်းလိုက် တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် စိုက်ပျိုးကြရန်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းထွန်းက အချိန်မီစိုက်ပျိုးနိုင်ရန် လယ်မြေများ ထွန်စက်ဖြင့် ထွန်ယက်အသုံးပြုနိုင်ရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် ရမည်းသင်းမြို့နယ်အတွင်းရှိ ဥသျှစ်ကုန်းကျေးရွာအုပ်စု၊ ဆည်ကြီးကျေးရွာအုပ်စုနှင့် ကန်ဆွယ်ကျေးရွာအုပ်စုတို့မှ တောင်သူ ၃၀ ဦး၏ စပါးစိုက်ဧက ၃၀ အတွက် မျိုးစပါးများကို တာဝန်ရှိသူများက တောင်သူများထံပေးအပ်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ခရိုင်ပြန်/ဆက်၊ရမည်းသင်း**

# ချင်းတွင်းမြစ်ကူးတံတား(ထမံသီ)ကို ၂၀၂၅ ခုနှစ် မေလကုန်တွင် အပြီးတည်ဆောက်မည်

ဟုမ္မလင်း အောက်တိုဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အတွင်း တည်ဆောက်လျက်ရှိသော ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်မှုလုပ်ငန်းများ ၆၆ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်၍ ၂၀၂၅ ခုနှစ် မေလကုန်တွင် လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)မှ သိရသည်။

အဆိုပါ ချင်းတွင်းမြစ်ကူးတံတား (ထမံသီ)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)မှ ကြီးမှူးပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်မှ စတင်တည်ဆောက်ခဲ့ကာ ချင်းတွင်းမြစ်ကိုဖြတ်၍ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အတွင်းရှိ ထမံသီရွာနှင့် ပင်းမရွာတို့ကို ဆက်သွယ်တည်ဆောက်နေခြင်းဖြစ်သည်။

"တံတားရဲ့ အုတ်မြစ်အနေနဲ့ကတော့ အချင်း ၁ ဒသမ ၅ မီတာရှိတဲ့ သံကူကွန်ကရစ်တိုးပိုင်နဲ့ တည်ဆောက်ထားတာဖြစ်ပါတယ်။ တံတားအကျယ်က ၉ ဒသမ ၄ မီတာရှိပြီး ယာဉ်သွားလမ်းအကျယ်က ၈ ဒသမ ၅ မီတာရှိပါတယ်။ တံတားအရှည်ကတော့ ၈၀၁ မီတာရှိပါတယ်။ လက်ရှိမှာ တံတားကြီးတစ်စင်းလုံးရဲ့ ၆၆ ရာခိုင်နှုန်းလောက် ပြီးစီးနေပြီဖြစ်လို့ ၂၀၂၅ ခုနှစ် မေလကုန်ပိုင်းမှာ တည်ဆောက်ရေးလုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးဖို့ ရည်မှန်းထားပါတယ်" ဟု တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) တည်ဆောက်ရေးစီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တိုင်းရင်းသားလူမျိုးများ၊ ဟုမ္မလင်းမြို့နယ်နှင့် ခန္တီးမြို့နယ်ရှိ ဒေသခံပြည်သူများ ကူးသန်းသွားလာမှုနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူအဆင်ပြေစေရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

လက်ရှိတွင် ဒေသခံပြည်သူများသည် ထမံသီရွာနှင့် ပင်းမရွာကြား ကူးတို့ဖြင့် ကူးသန်းသွားလာနေရပြီး မော်တော်ယာဉ်များကိုလည်း ဇက်ရေယာဉ်ဖြင့် တင်ဆောင်၍ သွားလာနေရကြောင်း၊ ထိုတံတားကြီး တည်ဆောက်ပြီးစီးပါက ထမံသီ-လေရှီး-ပန်ဆပ်-ဆွမ္မရာလမ်းပေါ်ရှိ ကျေးရွာများနှင့် ဟုမ္မလင်း၊ ခန္တီးဒေသရှိ ပြည်သူများအနေဖြင့် တံတားပေါ်မှ လွယ်ကူလျင်မြန်စွာသွားလာနိုင်မည်ဖြစ်သောကြောင့် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**



# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**''ပြောရင်းဆိုရင်း ပင်လယ်ဝဘက်က ဒီရေပြန်တက်လာနေပြီ။ နွေပိုင်းကာလများတွင် ဖြစ်ပေါ်တတ်သော သဘာဝအရ မွန်းတည့်သည်နှင့် ပင်လယ်လေတိုက်လာခဲ့ချေပြီ။ သွားပြီ။ ဘာမှမတတ်နိုင်တော့။ ရေရော၊ လေရော ဆန့်ကျင်ဘက်အရပ်မှ ကျွန်တော်တို့ဓနိလှေအား တားဆီးထားကြပေပြီ။ ဓနိချပ်များကို လှေဝမ်းဗိုက်အလယ်တွင် ရေပက်ခန်းခြားပြီး လှေဦးပိုင်းတစ်ပုံ၊ လှေပဲ့ပိုင်းတစ်ပုံ တင်ယူလာခဲ့ကြသည်။ ဓနိဆိုသည်မှာက ကုန်ပွဖြစ်၍ လေက ဆီးတားအားပိုကောင်းနေသည်. . .''**

**ယမန်နေ့မှအဆက်**

ကလေးများအရေးကိုတွေးပြီး ကျွန်တော် ရင်ထဲမကောင်းဖြစ်မိသည်။ နောက်တစ်လခန့်ကြာသည့်အချိန်တွင် ကျောင်းသူ၊ ကျောင်းသား ၁၀ ယောက်တိတိ ထွက်သွားကြပြန်သည်။ ကျွန်တော် လန့်ဖျပ်သွားသလို ခံစားသွားရပြီး ပြန်လည်ဆန်းစစ်လိုက်သည့်အခါတွင် အဖြေမှန်ပေါ်တော့သည်။ “အဲဒီအပြင်ဆရာက ၁၀ တန်းအောင်တာလည်း မဟုတ်ဘူး၊ အတန်းတင်ပေးနိုင်တာလည်း မဟုတ်ဘူး” ဆိုသည့် ကြီးစွာသောထိုးနှက်ချက်စကားလုံးသည် ကျွန်တော့် စိတ်နှလုံးအိမ်အား ကောင်းကောင်းဒုက္ခပေးကြလေပြီ။ နောက်တစ်နေ့မှာ ကျောင်းသားတွေရောက်တာနဲ့ ကျွန်တော် ကလေးတွေကိုခေါ်ပြီး

“သားတို့၊ သမီးတို့ကို ဆရာပြောပြမယ်။ ဆရာက ၁၀ တန်းအောင်သေးတာလည်း မဟုတ်သေးဘူး။ ဒါကြောင့် ဆရာ့မှာ ၁၀ တန်းဖြေဖို့ ကိစ္စကအရေးကြီးနေတယ်။ စာကောင်းကောင်းဖတ်ရဦးမယ်။ ဒါကြောင့် သားတို့၊ သမီးတို့ ဆရာ့ဆီ မလာကြနဲ့တော့နော်၊ ဆရာ့ကို ကူညီကြတဲ့ အတွက် အကုန်လုံးကို ကျေးဇူးလည်းတင်ပါတယ်”

“ဆရာ ၁၀ တန်းဖြေဖို့ စာကျက်ရဦးမယ်။ သားတို့၊ သမီးတို့ ကျန်းမာပျော်ရွှင် ပညာသင်လို့ အောင်ပန်းအလီလီ ဆင်မြန်းနိုင်ကြပါစေ”

■ ■ ■ ■ ■ ■ ■

**လှေမျောလို့ လှေနဲ့ဆယ်ခဲ့သည်**

ကျွန်တော့်ဘဝပြေးလမ်းထဲမှာ အဆင်မပြေမှုကိုအကြောင်းပြုပြီး တွေဝေငေးမောနေရန်မသင့်ဟု ကျွန်တော် ခံယူထားသည်။ ကျွန်တော့် ယုံကြည်ချက်မှာ အခြေအနေပေါ်မူတည်ပြီး ရုန်းထရန်နှင့် ပြန်လည်တည်ဆောက်ရန်ပင်ဖြစ်သည်။ ခု တစ်ဆင့်တက်ပြီး စာမေးပွဲပြန်ဖြေနိုင်ရေးအတွက် နီးစပ်သလိုအခြေအနေရှိသော အမေ့ရွာသို့ ရောက်လာခဲ့ပေပြီ။ သို့သော် ကျွန်တော်သည် မိဘတွေကျောင်းထားပေးခဲ့ကြတုန်းကလို ကျောင်းစာတစ်ခုကို ကျက်မှတ်ရုံ၊ တွက်ချက်နေရုံနဲ့ မလုံလောက်တော့ချေ။ စာမေးပွဲဖြေနိုင်ရေးအတွက် ရပ်တည်မှုရအောင် ငွေကြေးရလိုမှုအရေးကိုလည်း အလေးအနက်ထားလာရပေသည်။

ကျွန်တော် ကြံသည်၊ တွေးသည်။ ဤတွင် အဖြေတစ်ခုထွက်သည့်အတွက် ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ ခု ကျွန်တော်ရောက်နေသည့် အမေ့ရွာသရက်တောင်သည် ဓနိထွက်သောရွာ။ အဖေ အခြေချနေထိုင်သည့် ငပုသုန်ရွာသည် ဓနိရှားပါးသည့်ရွာ။ ကျွန်းစဉ်နယ်သားတို့သည် သကြံန်လွန်သည်ဆိုလျှင်ပင် အိမ်ခေါင်မိုးရန် လိုအပ်သူများသည် အထက်ကျွန်းစဉ်နယ်ရှိ ဓနိထွက်ရာရွာများသို့ တက်ပြီး ဓနိဝယ်ကြရသည်။ သည်တော့ ကျွန်တော်သည် အမေ့ရွာတွင် ဓနိရှိသူများထံတွင် ဓနိချပ်တွေ ကောက်ဝယ်လိုက်သည်။ ကျွန်တော် လှေတစ်စင်းငှားပြီး သရက်တောင်ရွာထဲက ဓနိချပ်တွေ သယ်ချလိုက်သည်။ ကျွန်တော့်ဆွေမျိုးမကင်းသူ နှစ်ယောက်ကပါ ကျွန်တော့်ကိုဝင်ကူပြီး ဓနိချပ်သယ်ချပေးကြသည်။

ဓနိချပ်သယ်ချသည်မှာ လွယ်သည်တော့မဟုတ်ပေ။ လုံးပတ်လက်ညှိုးလက်မဝိုင်းခန့်ရှိပြီး တစ်လံခန့်ရှည်သော မဒမ(ကပိုင်) သစ်သားရိုးဖြင့် ဓနိချပ်ရေ ၁၀၀ တိတိကို ဖောက်ထိုးပြီး သယ်ချရခြင်းဖြစ်သည်။ ပထမဆုံး ဓနိချပ်ရေ ၁၀၀ တိတိကို ထောင်မတ်လျက် ညီညီညာညာထပ်ထားပြီး မဒမရိုးဖြင့် တစ်ချပ်ချင်း ဖောက်ထိုးရသည်။ ဓနိချပ် ၁၀၀ တိတိ ဖောက်ထိုးပြီးချိန်တွင် သိပ်သိပ်သည်းသည်းဖြစ်အောင် စုစည်းပြီး ပုဆိုးနွမ်းတစ်ထည်ကို ဖောက်သီထားသည့် ဓနိချပ် ၁၀၀ စည်းပေါ်က လွှားတင်လိုက်ကာ ပုဆိုးစစွန်းနှစ်စကို လက်နှစ်ဖက်ဖြင့် တစ်ဖက်လျှင် တစ်စစီဖိကိုင်၍ မောင်းအားကိုသွင်းကာ ပခုံးပေါ်သို့ ခေါင်းကျော်ပြီး လွှဲတင်လိုက်ရသည်။ ဤအချိန်တွင် ဓနိချပ် ၁၀၀ စည်းမှာ ပခုံးပေါ်ရောက်သွားတော့သည်။ ဓနိသယ်မည့်သူသည် မဒမရိုးကို လက်နှစ်ဖက်ဖြင့်ကိုင်ပြီး ခြေလှမ်းမှန်မှန်လှမ်းကာ လှေဆိပ်ရှိလှေပေါ်သို့ သယ်ချရတော့သည်။ ဓနိပုံလှမ်းလျှင် လှမ်းသလို တစ်ရွာလုံး ရွာရိုးကိုးပေါက်လျှောက်ထမ်းရသည်။

ဓနိချပ်တစ်ချပ်၏အရှည်မှာ နှစ်တောင်နှင့်တစ်ထွာ အရှည်ရှိသည်။ ဓနိချပ် ၁၀၀ ဆိုလျှင် အလေးချိန်မှာ ဆန်တစ်အိတ်လောက်တော့ရှိသည်။ ခွန်အားကိုသုံးပြီး မပြေးရုံတစ်မယ် ခပ်သွက်သွက်လျှောက်ထမ်းရသည်။ မြို့ကြီးများသို့ လှေသမ္ဘန်ကြီးများဖြင့် သွားရောင်းကြသူများဆိုလျှင် ဓနိသယ်သူ လှေထိုးသားတွေတန်းစီပြီး တစ်ရွာလုံးလျှောက်သယ်ရသည်။ လှေကြီးလျှင်ကြီးသလောက် သီတင်းတစ်ပတ်၊ ဆယ်ရက် သယ်ချကြရသည်။ ရှင်းရှင်းပြောရလျှင် ဓနိချပ်သယ်ချကြသူများမှာ ခွန်အားကို သုံးပြီး အလုပ်လုပ်ကြရသည့်အတွက် ဘဝကြမ်းသမားတို့ အလုပ်ဟုလည်း သတ်မှတ်ထားကြသည်။

ဤအလုပ်ကို ကျောင်းသားလူထွက် ရေတံငါတစ်ဖြစ်လဲ ကျွန်တော်လုပ်နေလေပြီ။ မည်သို့ပင်ဆိုစေကာမူ ကျွန်တော်သည် ဘဝပေးအခြေအနေအရ သမ္မာအာဇီဝကောင်းမွန်စွာ အလုပ်လုပ်ခြင်းပေတည်း။ ကျွန်တော့်လှေမှာ မြို့ပို့မည့်လှေများလို မကြီးသဖြင့် သုံးရက်ချရုံဖြင့် လှေပြည့်သွားသည်။

● ● ● ● ● ● ●

လပြည့်ကျော် ၁၀ ရက် ဒီရေသည် မိုးလင်းရောင်နီပေါ်တာနဲ့ ရေကျပြီ။ မနေ့ညနေကတည်းက ဓနိချပ်တွေကို လှေပေါ်အကုန်တင်ထားခဲ့သည်မို့ တော်ပေသေးသည်။ ကျွန်တော်တို့တွေ လူစုံသည်ဆိုလျှင်ပဲ ဓနိလှေကို ကမ်းမှခွာလိုက်ကြသည်။

“ဒီနေ့ ကဆုန်လပြည့်ကျော် ၁၀ ရက်ရှိပြီနော်၊ ရေသေရက်ပဲ စုန်လေကို သိပ်အားကိုးလို့ မရတော့ဘူး တက်ကူပေးရမယ်”

ကျွန်တော့်သတိပေးစကားကြောင့် သူငယ်ချင်းနှစ်ယောက်မှာ ခတ်တက်ကွင်းကို ရေဆွတ်ပြီး တက်နှစ်ချောင်းကို ပြိုင်တူဆွဲခတ်လိုက်ကြသည်။ ရေသေရက်မို့ ရေဆွဲအားက ခပ်နှေးနှေးဆိုတော့ လှေအသွားနှုန်းက သိပ်မတွင်။ တက်ခတ်သောအလုပ်မှာ တစ်ကိုယ်လုံး ခွန်အားစိုက်ထုတ်ပြီး ရုန်းကန်လှုပ်ရှားရသောအလုပ်ဖြစ်၍ လွန်စွာပင်ပန်းသည်။ တက်ခတ်သားများမှာ ချွေးများဖြင့် ရွှဲနစ်နေကြပေပြီ။ နွေရက်မို့ မိုးလင်းသည်ဟုဆိုလျှင်ပဲ ရှင်နေမင်းက ရှိသမျှစွမ်းအင်ကိုထုတ်ပြီး လောကကြီးအား မာန်ဖီလျက်ရှိချေပြီ။ ကျွန်တော့်သူငယ်ချင်းများဖြစ်ကြသော သိန်းနုအောင်နှင့် မြသိန်းတို့မှာ အာခေါင်ခြောက်ကပ်လာတိုင်း ရေထထသောက်လွန်းလို့ သရက်တောင်ရွာက ထည့်ယူလာခဲ့သော သောက်ရေအိုးလေးမှာ အခွံသာကျန်ခဲ့ပေပြီ။ ရေသာကုန်သည်မဟုတ် နောက်ထပ်အာဟာရဖြည့်တင်းစရာလည်း ဘာမှပါမလာ။ အချိန်က မနက် ၁၁ နာရီခန့်ရှိပေပြီ။ ခါတိုင်းရေကြီးရေထရက်တွေမှာဆို မနက်ဝေလီဝေလင်းထွက်လာခဲ့လျှင် ခုလောက်ဆို ငပုသုန်ကျွန်းနားနီးပြီ။

ခု ရေသေရက်ဖြစ်၍ မှန်းချက်နှင့်နှမ်းထွက်က မကိုက်။ ဝါးကောက်ချိုင်ကျွန်း၊ ဘဲစင်ခိုစင်ကျွန်းတွေနဲ့တော့ တဖြည်းဖြည်းနီးလာသည်။ သို့သော် သည်ကျွန်းတွေမှာ လူမရှိ ရေမရှိ၊ စားစရာ နတ္ထိ။ ပင်လယ်ပြင်ထဲက သီးခြားကျွန်းကလေးများသာ။ ငပုသုန်ကျွန်းနှင့် နောင်တော်ကြီးကျွန်းများကိုတော့ မှိုင်းမှိုင်းပျပျ မြင်နေရသည်။ ကြားမှာ ထုံးကျီမြစ်ဝကျယ်က ဆီးနေသည်။ သည်မြစ်ဝကျယ်ကို ဖြတ်သန်းပြီးမှ ငပုသုန်ကျွန်းသို့ ရောက်ပေမည်။

ဒုက္ခပါပဲ။ ပြောရင်းဆိုရင်း ပင်လယ်ဝဘက်က ဒီရေပြန်တက်လာနေပြီ။ နွေပိုင်းကာလများတွင် ဖြစ်ပေါ်တတ်သော သဘာဝအရ မွန်းတည့်သည်နှင့် ပင်လယ်လေတိုက်လာခဲ့ချေပြီ။ သွားပြီ။ ဘာမှမတတ်နိုင်တော့။ ရေရော၊ လေရော ဆန့်ကျင်ဘက်အရပ်မှ ကျွန်တော်တို့ဓနိလှေအား တားဆီးထားကြပေပြီ။ ဓနိချပ်များကို လှေဝမ်းဗိုက်အလယ်တွင် ရေပက်ခန်းခြားပြီး လှေဦးပိုင်းတစ်ပုံ၊ လှေပဲ့ပိုင်းတစ်ပုံ တင်ယူလာခဲ့ကြသည်။ ဓနိဆိုသည်မှာက ကုန်ပွဖြစ်၍ လေက ဆီးတားအား ပိုကောင်းနေသည်။

ခြောက်နှစ်အရွယ် ကျွန်တော့်ညီလေးကို အဖေနှင့်သူ့အစ်ကို၊ သူ့အစ်မတွေဆီ အလည်ရောက်စေချင်၍ ခေါ်လာခဲ့ခြင်းဖြစ်သည်။ ခုတော့ နေပူဒဏ်က တစ်မျိုး၊ ဗိုက်ဆာလွန်းနေသည်က တစ်ကြောင်းတို့ကြောင့် မျက်နှာပြင် နုထွတ်ထွတ်ကလေး ညှိုးရော်နေရှာပြီ။ ပဲ့စင်ပေါ်က ကျွန်တော့်ကိုပဲ မျက်လုံးလေး ပေကလတ်ပေကလတ်နဲ့ ကြည့်နေရှာသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ကျုံပျော်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံကေ ၈၀၀ ကျော် စိုက်ပျိုးပြီးစီး

ကျုံပျော် အောက်တိုဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံကေ ၈၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၏ပြောကြားချက်အရ သိရသည်။

ကျုံပျော်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင်ကြံ ၈၂၅ ကေ ကို ဇွန်လပထမပတ်ကစတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးပြီးဖြစ်သော ကြံကေများမှာ ရေကြည်မြို့နယ်၌ ၁၇၃ ကေ၊ ကျုံပျော်မြို့နယ်၌ ၅၄၅ ကေ၊ ကျောင်းကုန်းမြို့နယ်၌ ၁၀၇ ကေ စုစုပေါင်း ၈၂၅ ကေဖြစ်ကြောင်း သိရသည်။

''ကျုံပျော်ခရိုင်မှာ ကြံ ၈၂၅ ကေ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ ကေအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကြံစိုက်ပျိုးရာမှာလည်း စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ အခက်အခဲမရှိစိုက်ပျိုးနိုင်စေဖို့ လုပ်ငန်းတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးထားပါတယ်။ ကြံကို ကျုံပျော်မြို့နယ်မှာ အများဆုံးစိုက်ပျိုးပါတယ် ''ဟု ဦးဆန်းဝင်းကပြောသည်။

ကျုံပျော်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံအပါအဝင် မိုးသီးနှံများ အားလုံး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်စေရေး၊ ရာနှုန်းပြည့် ပြန်လည်ရိတ်သိမ်းနိုင်စေရေး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် ဆက်စပ်ဌာနများ ပူးပေါင်းဆောင်ရွက်ကြောင်း သိရသည်။

သုတကျော်



## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများမှ မွေးမြူရေးဒီပလိုမာ နောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံပွဲကျင်းပ



နေပြည်တော် အောက်တိုဘာ ၆

ပျဉ်းမနား၊ ပုသိမ်ကြီး၊ ဟဲဟိုးမြို့တို့ရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းများမှ မွေးမြူရေး ဒီပလိုမာ နောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးသင်တန်းကျောင်း(AERDTC) သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပျဉ်းမနား၊ ပုသိမ်ကြီး၊ ဟဲဟိုးမြို့တို့ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေး သိပ္ပံ ကျောင်းများမှကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ မွေးမြူရေး ဒီပလိုမာနောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

မွေးမြူရေးဒီပလိုမာ နောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူများသည်နေပြည်တော်၌ရောက်ရှိနေစဉ် နေပြည်တော်ရှိ တန်ခိုးကြီးဘုရားများအား သွားရောက်ဖူးမြော်ကြပြီး ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရွှေမြို့မွေးမြူရေးခုန်တို့သို့ သွားရောက်လေ့လာခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနား အမှတ်(၂) သကြားစက်ရုံသို့ရောက်ရှိပြီး ရေကြီးရေလျှံမှုကြောင့် သကြားစက်ရုံအတွင်း ကျန်ရစ်ခဲ့သည့် သဲနုန်းများ ဖယ်ရှားရှင်းလင်းခြင်း၊ အဆောက်အအုံနှင့် စက်ကိရိယာများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရေကြီးရေလျှံမှုတွင် ထိခိုက်ပျက်စီးခဲ့သည့် ပေါင်းလောင်း ဆည်ရေသောက်စနစ်အတွင်းရှိ လက်ဝဲလက်ယာ တူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် TBL ကုမ္ပဏီ၏ဝါမျိုးစေ့ထုတ်စိုက်ကွင်း၌ မိုးနှောင်းချည်မျှင်ရှည်ဝါ ပြန်လည်စိုက်ပျိုးနေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေသောက်စနစ်အတွင်းရှိ စပါးစိုက်ခင်းများအား အောင်ရေပေးဝေမှုလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေးအတွက် လတ်တလောဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဦးစားပေးအဆင့်အလိုက် ပြုပြင်မွမ်းမံ ဆောင်ရွက်ရန် လုပ်ငန်းများနှင့် နွေစပါးရေပေးဝေနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

## အမျိုးသားကင်ဆာရောဂါကုသရေးဌာန(ဒဂုံဆိပ်ကမ်း)နှင့် အထူးကုဆေးရုံသစ်ကြီး-ရန်ကုန် တည်ဆောက်ရေးစီမံကိန်းများ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့်အတူ ယမန်နေ့နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ အမျိုးသားကင်ဆာရောဂါကုသရေးဌာန (National Cancer Institute-NCI)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အမျိုးသားကင်ဆာရောဂါကုသရေးဌာနတွင် ယခုအခါ ဓာတ်ရောင်ခြည်ကုသစက်များနှင့်အတူ တွဲဖက်အသုံးပြုရမည့်ဓာတ်ရောင်ခြည်ဖြင့် ကုသမှုအထောက်အကူပြုစက်(CT Simulator)တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိပြီး မကြာမီပြီးစီးမည်ဖြစ်၍ အောက်တိုဘာလ၊ တတိယပတ်မှစ၍ ကနဦးလက်တွေ့သင်ကြားကုသမှု စတင်နိုင်မည်ဖြစ်ကြောင်း၊ ယင်းနောက် လူနာသစ်များကို ကုသမှုပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ ယခုတပ်ဆင်ပြီးဖြစ်သည့် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါ ကုသစက်သစ် Linear Accelerator ဖြင့် တစ်ရက်လျှင် ကင်ဆာလူနာ ၅၀ မှ ၁၀၀ အထိ ကုသမှုပေးနိုင်မည်ဖြစ်ပြီး ထပ်မံ၍ ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသစက်သစ် နှစ်လုံး တပ်ဆင်ပြီးပါက ယခုနှစ် ဒီဇင်ဘာလမှ စတင်၍ တစ်ရက်လျှင် စုစုပေါင်းလူနာ ၂၀၀ အထိ ဓာတ်ရောင်ခြည်ဖြင့် ကုသပေးနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကင်ဆာရောဂါဝေဒနာရှင်လူနာများ စိတ်အေးချမ်းသာစွာကုသမှုခံယူနိုင်ရန်အတွက် L Shape ရှစ်ထပ်အဆောက်အအုံကိုလည်းကောင်း၊ အမျိုးသားကင်ဆာရောဂါကုသရေးဌာနတွင် တာဝန်ထမ်းဆောင်မည့် ကျန်းမာရေးဝန်ထမ်းများအတွက် လေးခန်းတွဲငါးထပ် အရာထမ်းအိမ်ရာတစ်လုံး၊ အမှုထမ်းအိမ်ရာ နှစ်လုံးတို့ကိုလည်းကောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောက်လုပ်လျက်ရှိရာ လုပ်ငန်းပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



မွန်းလွဲပိုင်းတွင် JICA အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လမ်းမတော်မြို့နယ်ရှိ အထူးကုဆေးရုံသစ်ကြီး-ရန်ကုန်တည်ဆောက်ရေးစီမံကိန်း (The Project for Construction of New Yangon Specialist Hospital-New YSH)သို့ သွားရောက်ကာ စီမံကိန်းအတိုင်ပင်ခံကုမ္ပဏီနှင့် ဆေးရုံအဆောက်အအုံတည်ဆောက်ရေးကုမ္ပဏီများ၊ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံကာ ခုနစ်ထပ်ဆေးရုံအဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းများ စွမ်းအားပြည့်အကောင်အထည်ဖော်ဆောင်ရွက်ရေးမှာကြားကာ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စီမံကိန်းကို ကျန်းမာရေးဝန်ကြီးဌာနနှင့် JICA တို့အကြား Grant Agreement လက်မှတ်ရေးထိုးခြင်းဆောင်ရွက်ခဲ့ပြီး COVID-19 ကပ်ရောဂါကာလအတွင်း ဆောက်လုပ်ရေးလုပ်ငန်းများ ရပ်နားခဲ့သော်လည်း ယခုနှစ် ဇွန်လမှစတင်၍ ပြင်ဆင်တည်ဆောက်ရေးလုပ်ငန်းများ ပြန်လည်စတင်ခဲ့သည်။

အထူးကုဆေးရုံသစ်ကြီး-ရန်ကုန် တည်ဆောက်ရေးစီမံကိန်းပြီးစီးပါက နိုင်ငံတကာအဆင့်မီ ဆေးရုံဒီဇိုင်းနှင့် ဆေးရုံသုံးပစ္စည်းများပါဝင်သော နှလုံး၊ ဦးနှောက်နှင့်အာရုံကြော အထူးကုဆေးရုံကြီးအဖြစ် ရပ်တည်ကာ ပြည်သူလူထုအား အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

# အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မည့် မြန်မာ့ကမ်းခြေစောင့်တပ်ဖွဲ့




ကမ္ဘာ့နိုင်ငံအသီးသီးတွင်ကမ်းခြေစောင့်တပ်ဖွဲ့များကို မိမိနိုင်ငံ၏ရေကြောင်း ပထဝီဝင်အနေအထားအပေါ်မူတည်၍ ဖွဲ့စည်းထားကြသည်။ ကမ်းခြေစောင့်တပ် (Coast Guard)ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ပင်လယ်ပြင်နှင့် ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများကို ကာကွယ်ရန်နှင့် ပင်လယ်ပြင်ဆိုင်ရာ လုံခြုံရေးများကို အဓိကကာကွယ်ရန်ဖြစ်သည်ဟု အကြမ်းဖျင်းမှတ်ယူရပါမည်။

မြန်မာနိုင်ငံသည် ကျယ်ဝန်းသည့် ပင်လယ်ပြင်ပိုင်နက်နှင့် ရှည်လျားသည့် ကမ်းရိုးတန်းပိုင်ဆိုင်သော ကမ်းရိုးတန်း နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အဆိုပါ ကမ်းရိုးတန်းတစ်လျှောက်တွင် ကျွန်းပေါင်းများစွာ ရှိသည်။ ထိုကျွန်းစုပေါင်းများစွာ တည်ရှိသည့် ပင်လယ်ပြင်ကမ်းရိုးတန်း တစ်လျှောက်တွင် သဘာဝကပေးအပ်ထားသော ရေပေါ်ရေအောက်သယံဇာတ




အရင်းအမြစ်များစွာရှိပေသည်။ သို့အတွက် စီးပွားရေးအခွင့်အလမ်းများစွာရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်ကို ငြင်းဖွယ်ရာ မရှိပေ။ သို့ကြောင့် နိုင်ငံတော်၏ ပိုင်နက် ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းကို အလုံးစုံ ကာကွယ်စောင့်ရှောက်နိုင်ရန် တပ်မတော် (ရေ)အပြင် ပင်လယ်ပြင်တရားဥပဒေ စိုးမိုးရေးတာဝန်များကိုအဓိကထမ်းဆောင် နိုင်မည့် ကမ်းခြေစောင့်တပ်ဖွဲ့တစ်ခုရှိရ မည်ဖြစ်သည်။ ထိုသို့ ဖွဲ့စည်းထားရှိရန် အတွက်အခြားကမ္ဘာ့နိုင်ငံများ၏ ကမ်းခြေ စောင့်တပ်ဖွဲ့များ၏ ဖွဲ့စည်းစာရင်းကောက် ပုံများကို အချိန်ယူလေ့လာရန် ကြိုတင် ပြင်ဆင်မှုများဆောင်ရွက်ကာ ဖွဲ့စည်းခဲ့ ခြင်းဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် ယခင်က ကမ်းခြေစောင့်တပ်ဖွဲ့ (Coast Guard) မရှိသည့်အတွက် ပိုင်နက် ပင်လယ်ပြင်နှင့် ရေကြောင်းအကျိုးစီးပွား များ၊ ရေကြောင်းသယံဇာတများကို ကာကွယ်စောင့်ရှောက်ရန် တာဝန်များကို တပ်မတော်(ရေ)က ဆောင်ရွက်ခဲ့ရသည်။ ယခုအချိန်တွင် ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းပေးပြီးဖြစ်သည့်အတွက် မြန်မာ့ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ပိုင်နက် ပင်လယ်ဇုန်များ၏ အချုပ်အခြာအာဏာ နှင့်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးကဏ္ဍများကို အဓိကထား ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ပြင် ရေကြောင်းအကျိုးစီးပွားများ ကာကွယ် စောင့်ရှောက်ရေး၊ ပင်လယ်ပြင်ရှာဖွေ ကယ်ဆယ်ရေးနှင့် ပင်လယ်ပြင်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကိုလည်း လုပ်ဆောင်ရန် တာဝန်ရှိနေပြီဖြစ်သည်။

ကမ်းခြေစောင့်တပ်ဖွဲ့ (Coast Guard) နှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံအချို့၏ ကမ်းခြေစောင့်တပ်အကြောင်းကို လေ့လာလျှင် နိုင်ငံတစ်ခုချင်းစီ၏ ပထဝီဝင်အရ မရှိမဖြစ်ရှိရမည့် အဖွဲ့အစည်းဖြစ်သည်။ အဆိုပါနိုင်ငံများ၏ ကမ်းခြေစောင့်တပ်ဖွဲ့ သည် အထူးသတ်မှတ်ချက်အနေဖြင့် စနစ်တကျဖွဲ့စည်းထားသည်ကို တွေ့ရ မည်ဖြစ်သည်။ အဓိကအားဖြင့် ပင်လယ်ပြင် လုံခြုံရေး၊ ကယ်ဆယ်ရေး လုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာတာဝန်များကို ထမ်းဆောင်ကြ သည်။ နိုင်ငံအလိုက် အမည်၊ တာဝန်နှင့် လုပ်ဆောင်ချက်များ ကွဲပြားခြားနား ကြသော်လည်း ကမ်းခြေစောင့်တပ်ဖွဲ့ အားလုံးသည် မိမိနိုင်ငံ၏ ပင်လယ်နယ် မြေဆိုင်ရာ လုံခြုံရေးနှင့် အမျိုးသား အကျိုးစီးပွားကိုကာကွယ်စောင့်ရှောက်ရန် ဆိုသည့် တူညီသည့် ရည်မှန်းချက်ပင် ဖြစ်သည်ကို တွေ့ရသည်။ အမေရိကန် ကမ်းခြေစောင့်တပ် (United State Coast Guard–USCG) တို့၏ ရည်မှန်းချက် တာဝန်များမှာ ပြည်တွင်းသဘော်လမ်းကြောင်းအတွင်း လုံခြုံရေးဆောင်ရွက် ခြင်း၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါး ကုန်ကူးမှုတားဆီးခြင်းနှင့် သဘာဝ ဘေးအန္တရာယ်တွင် ကယ်ဆယ်ရေး ဆောင်ရွက်ခြင်းဆိုသည့်အချက်များပင် ဖြစ်ပေသည်။ ထိုအဖွဲ့၏ထူးခြားချက်မှာ အမေရိကန်တပ်မတော်အဖွဲ့အစည်းများ အနက် တစ်ခုအဖြစ် လည်ပတ်ပြီး တပ်မတော်နှင့်ရဲတပ်ဖွဲ့ဝင်အဖြစ်လည်း တာဝန်ထမ်းဆောင်ရခြင်းပင်ဖြစ်သည်။ ဂျပန်ကမ်းခြေစောင့်တပ် (Japan Coast Guard–JCG)သည် ငါးဖမ်းနယ်မြေအတွင်း ဥပဒေအား ကာကွယ်ရေး၊ ရေငုပ်ခြင်း နှင့်အရေးပေါ်ကယ်ဆယ်ရေးလုပ်ဆောင် ခြင်း၊ မူးယစ်ဆေးဝါးနှင့် တရားမဝင် ကုန်ကူးမှုတားဆီးခြင်းဆိုသည့် ရည်မှန်း ချက်တာဝန်တို့ကို ဆောင်ရွက်ရသည်။ ဂျပန်နိုင်ငံသည် ပင်လယ်နယ်မြေ များသည့် နိုင်ငံဖြစ်သောကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးထား ဆောင်ရွက်ရခြင်းပင်ဖြစ် သည်။ထို့အတူ အိန္ဒိယကမ်းခြေစောင့်တပ် (Indian Coast Guard–ICG) သည် အိန္ဒိယပင်လယ်နယ်မြေများတွင် ဥပဒေ စိုးမိုးရေးနှင့် ကယ်ဆယ်ရေးလုပ်ဆောင် ခြင်း၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု တားဆီးခြင်းဆိုသည့် ရည်မှန်းချက် တာဝန်များကို ထမ်းဆောင်ရသည်။ ICG ၏ ထူးခြားချက်မှာ အိန္ဒိယ၏ကမ်းခြေ အနီးရှိကျွန်းများနှင့် ပင်လယ်ဘေးကမ်းရိုးတန်းတစ်လျှောက်နယ်မြေများကိုထိန်းသိမ်း ရခြင်းပင်ဖြစ်သည်။

ထို့အတူ ကျွန်တော်တို့ မြန်မာနိုင်ငံတွင်လည်း မြန်မာနိုင်ငံကမ်းခြေစောင့် တပ်ဖွဲ့ (Myanmar Coast Guard)ကို ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၆ ရက် တွင် စတင်ဖွဲ့စည်းပြီးဖြစ်သည်။ မြန်မာ့ ပင်လယ်ပြင်အတွင်း တရားဥပဒေစိုးမိုးရေး နှင့် ရေကြောင်းစီရင်ပိုင်ခွင့်အာဏာများ ထိန်းသိမ်းဆောင်ရွက်ရန်၊ ရေကြောင်း အကျိုးစီးပွားများ၊ ပင်လယ်ပြာ စီးပွားရေး လုပ်ငန်းများနှင့် ရေကြောင်းသဘာဝ ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက် ထိန်းသိမ်းရန်၊ ရေကြောင်းဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လူသားချင်းစာနာမှု အကူအညီပေးရေးလုပ်ငန်းများဆောင် ရွက်ရန်၊

**စာမျက်နှာ ၇ သို့ ⏭**

**နိုင်ငံတော်၏ ပိုင်နက်ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းကို အလုံးစုံကာကွယ်စောင့်ရှောက်နိုင်ရန် တပ်မတော်(ရေ)အပြင် ပင်လယ်ပြင်တရားဥပဒေ စိုးမိုးရေးတာဝန်များကို အဓိကထမ်းဆောင်နိုင်မည့် ကမ်းခြေစောင့်တပ်ဖွဲ့တစ်ခုရှိရမည်ဖြစ်...**

**နိုင်ငံအလိုက် အမည်၊ တာဝန်နှင့်လုပ်ဆောင်ချက်များ ကွဲပြားခြားနားကြသော်လည်း ကမ်းခြေစောင့်တပ်ဖွဲ့အားလုံးသည် မိမိနိုင်ငံ၏ ပင်လယ်နယ်မြေဆိုင်ရာ လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်ဆိုသည့် တူညီသည့် ရည်မှန်းချက်ပင်ဖြစ် . . .**

**ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရမည်ဟူသည့် နဂိုအရင်းခံ စိတ်ဓာတ်ကောင်းများဖြင့် ဝင်ရောက်အမှုထမ်းသူများဖြစ်ကြသည်။ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ ရှိရင်းစွဲစိတ်ဓာတ်ကောင်းများကို အခြေခံ၍ မိမိတို့ကိုပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်း "စောင့်ရှောက်ကာကွယ် ဒို့ပင်လယ်"ဟူသော ကမ်းခြေစောင့် တပ်ဖွဲ့၏ဆောင်ပုဒ်ကို မြှင့်တင်ကြရမည်ဖြစ် . . .**

⏭ စာမျက်နှာ ၆ မှအဆက်

နိုင်ငံတကာ ကမ်းခြေစောင့်တပ်ဖွဲ့များ၊ ရေကြောင်းအဖွဲ့အစည်းများနှင့် ပင်လယ်ရေကြောင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ မြှင့်တင်ရန်နှင့် အရေးပေါ်အခြေအနေကာလတွင် တပ်မတော်(ရေ)အား အထောက်အကူပြုရန်ဆိုသည့် ရည်မှန်းချက်တာဝန် (၅) ရပ်ကို ထမ်းဆောင်နိုင်စေရန်အတွက် ဖွဲ့စည်းခဲ့ခြင်းလည်းဖြစ်သည်။ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးမားစွာဖြင့် ကိုယ်တိုင်ဖွင့်လှစ်ပေးခဲ့သည့် ပထမဦးဆုံးသော မြန်မာနိုင်ငံ၏ ကမ်းခြေစောင့်တပ်ဖွဲ့ဖြစ်သည်။ စတင်ဖွဲ့စည်းချိန်တွင် အမြန်သွားကင်းလှည့်ရေယာဉ် နှစ်စင်း၊ ကမ်းခြေစောင့် ကင်းလှည့်ရေယာဉ် နှစ်စင်း၊ အရာရှိ ၃၃ ဦး၊ စစ်သည် ၂၃၀ ဦးတို့ဖြင့် ဦးစွာဖွဲ့စည်းခဲ့ကြသည်။ စတင်ဖွဲ့စည်းသည့်အချိန်မှစ၍ ယခုအခါ (၃) နှစ်ပြည့်မြောက်ပြီဖြစ်ပေရာ တပ်ဖွဲ့၏ ရုပ်ပိုင်းဆိုင်ရာနှင့် ဖွဲ့စည်းပုံဆိုင်ရာများတွင် ယခင်ထက်ပြည့်စုံအောင် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဆက်လက်၍လည်း ဖြည့်ဆည်းပေးနေမည်ဖြစ်သည်။

မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် အခြားအိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများရှိကမ်းခြေစောင့်တပ်ဖွဲ့များဖြင့်လည်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရမည်ဖြစ်သည်။ ထိုသို့ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် တပ်ဖွဲ့ဝင်တစ်ဦးချင်းစဉ်ဆက်မပြတ် လေ့ကျင့်နေရန်ဖြစ်သည်။ ထိုသို့ လေ့ကျင့်ရေးဆောင်ရွက်ခြင်းဖြင့် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာများ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး တပ်ဖွဲ့ဝင်တစ်ဦးချင်းစီ၏ ယုံကြည်မှု၊ ကျွမ်းကျင်မှုများနှင့် ရေယာဉ်များ၏ စွမ်းပကားများကို အသုံးချနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ လေ့ကျင့်သားပြည့်ဝမှု၊ တာဝန်ကျေပွန်စွာထမ်းဆောင်နိုင်မှုတို့ဖြင့် ကမ်းခြေစောင့်တပ်ဖွဲ့၏ဆောင်ပုဒ်ဖြစ်သည့် **"စောင့်ရှောက်ကာကွယ်ဒို့ပင်လယ်"** ဟူသော ရည်မှန်းချက်ကိုလည်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကမ်းခြေစောင့်တပ်ဖွဲ့အား ကွပ်ကဲမှုဌာနချုပ်တစ်ခုနှင့် အမှတ်(၁)ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်စုအား စတင်ဖွဲ့စည်းခဲ့ပါသည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်ရုံးသစ်ဖွင့်ပွဲသို့ နိုင်ငံတော်အကြီးအကဲက တက်ရောက်ချီးမြှင့်ပေးခဲ့သည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ သုံးနှစ်တာကာလအတွင်း **"နောင်ရိုးစစ်ဆင်ရေး"** အမည်ဖြင့် ရေကြောင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ထမ်းဆောင်ခဲ့သည်။ အဆိုပါစစ်ဆင်ရေးတွင် လိုင်စင်မဲ့ရေယာဉ် နှစ်စင်း၊ တရားမဝင်ရေယာဉ် သုံးစင်း၊ ခိုးဝင် ဘင်္ဂါလီလှေတစ်စင်း၊ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ရေယာဉ်တစ်စင်း၊ သစ်မှောင်ခိုလှေနှစ်စင်း၊ ကုန်တင်(ကုန်မဲ့)လှေ သုံးစင်းနှင့် ဆီအညစ်အကြေးစွန့်ပစ်သည့် ကွန်တိန်နာရေယာဉ်တစ်စင်းတို့အား ဖမ်းဆီးရမိခဲ့သည်။ ရှာဖွေကယ်ဆယ်ရေးအနေဖြင့် ရေဝင်တိမ်းစောင်းနစ်မြုပ်လျက်ရှိသည့် ကျားပိုက်ငါးဖမ်းလှေမှ ရေလုပ်သား ၂၂ ဦး၊ ကြိုးပြတ်၍ ရေမျောနေသည့် ကျားဖောင်ရေလုပ်သားသုံးဦးနှင့် ရေဝင်နစ်မြုပ်နေသည့်ဒေသခံချွန်းလှေမှရေလုပ်သားသုံးဦးတို့အား အသက်ဘေးမှ ကယ်ဆယ်နိုင်ခဲ့သည်။ ထို့ပြင် လေ့ကျင့်ရေးနှစ်များအလိုက် ပြည်ပနိုင်ငံများသို့ အရာရှိ၊ စစ်သည် ၅၅ ဦးတို့အား ပညာတော်သင်စေလွှတ်နိုင်ခဲ့သည်။ နိုင်ငံတကာဆက်ဆံရေးအနေဖြင့် ဒေသတွင်း နိုင်ငံများ၏ ကမ်းခြေစောင့်တပ်ဖွဲ့ဆိုင်ရာ ကိစ္စရပ်များကို အိန္ဒိယ၊ ထိုင်း၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံတို့နှင့် အာဆီယံအဖွဲ့အစည်းတို့ဖြင့် တွေ့ဆုံညှိနှိုင်းခြင်း၊ Virtual စနစ်ဖြင့် အစည်းအဝေးတက်ရောက်ခြင်းတို့အား နှစ်စဉ်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ပြင် ကမ်းခြေစောင့်တပ်ဖွဲ့၏ သဘောသဘာဝအရ မြန်မာ့ပင်လယ်ပြင်အတွင်း နိုင်ငံတကာရေယာဉ်များအား စစ်ဆေးကြပ်မတ်ထိန်းသိမ်းရခြင်း၊ နိုင်ငံတကာကမ်းခြေစောင့်တပ်ဖွဲ့များ၊ ရေကြောင်းဆိုင်ရာအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရခြင်းတို့ကြောင့် ရေကြောင်းဆိုင်ရာဥပဒေပညာရပ်များအား စစ်ဘက်/နယ်ဘက် တက္ကသိုလ်များတွင် လေ့လာသင်ယူစေခြင်းတို့အပြင် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဥပဒေ(မူကြမ်း)ရေးဆွဲခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့သည် နှစ်အလိုက်ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ သုံးနှစ်တာကာလအတွင်း သတ်မှတ်လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေးအပ်ထားသည့် ၄၈ မီတာ အမြန်သွား ကင်းလှည့်ရေယာဉ်လေးစင်းတို့ကိုလည်း တပ်တော်ဝင်အခမ်းအနားပြုလုပ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ယခုဆိုလျှင် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ (Myanmar Coast Guard)တွင် ကမ်းလွန်ကင်းလှည့် ရေယာဉ်တစ်စင်း၊ အမြန်သွားကင်းလှည့်ရေယာဉ် ခုနစ်စင်း၊ ကမ်းခြေစောင့်ကင်းလှည့်ရေယာဉ် ငါးစင်း၊ တွဲဆွဲရေယာဉ်တစ်စင်းနှင့် ရှာဖွေကယ်ဆယ်ရေးကင်းလှည့်ရေယာဉ်လေးစင်း စုစုပေါင်း ၁၈ စင်းတို့ဖြင့် နိုင်ငံတော်၏ ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေးနှင့်အမျိုးသားအကျိုးစီးပွားတို့ကိုကာကွယ်စောင့်ရှောက်လျက်ရှိပေသည်။

ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များသည်နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရမည်ဟူသည့် နဂိုအရင်းခံစိတ်ဓာတ်ကောင်းများဖြင့် ဝင်ရောက်အမှုထမ်းသူများဖြစ်ကြသည်။ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ ရှိရင်းစွဲစိတ်ဓာတ်ကောင်းများကို အခြေခံ၍ မိမိတို့ကို ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရင်း **"စောင့်ရှောက်ကာကွယ် ဒို့ပင်လယ်"** ဟူသော ကမ်းခြေစောင့်တပ်ဖွဲ့၏ဆောင်ပုဒ်ကို မြှင့်တင်ကြရမည်ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်နိုင်သည့် စွမ်းရည်ထက်မြက်သော စံပြကမ်းခြေစောင့်တပ်ဖွဲ့အဖြစ် ထာဝရရပ်တည်နိုင်ပါစေကြောင်း ဆုမွန်တောင်းရင်း (၃)နှစ်ပြည့် နှစ်ပတ်လည်နေ့တွင် ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

**အမောင်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့်သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဆေးဖက်ဝင် ကန်စွန်းဥအကြောင်းသိကောင်းစရာ

ပေါက်ပေါက်



မြန်မာလူမျိုးများ စားသုံးသောသစ်ဥသစ်ဖု၊ သစ်မြစ်များထဲတွင် ကန်စွန်းဥခေါ် Sweet Potato လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ကန်စွန်းဥသည် မြေကြီးထဲတွင် အမြစ်တွယ်ကာ ပေါက်ရောက်တတ်သည့် သီးနှံတစ်မျိုးဖြစ်သည်။ ကန်စွန်းဥစိုက်ခင်းများကို ကိုင်းကျွန်း၊ သဲ၊ နုန်းမြေများ၌ စိုက်ပျိုးကြသည်။ ကန်စွန်းဥစိုက်ပျိုးရာတွင် တစ်ကေလျှင် မျိုးအနေဖြင့် ကန်စွန်းညွန့်သုံးသောင်းခွဲခန့် စိုက်ပျိုးလေ့ရှိသည်။ ဥစားကန်စွန်းညွန့်များကို မြစ်ရေကျချိန် အောက်တိုဘာလကုန်မှ နိုဝင်ဘာလအတွင်း စတင်စိုက်ပျိုးပြီး သုံးလအကြာ ဖေဖော်ဝါရီလမှ မတ်လအတွင်း တူးဖော်ကြသည်။ ကန်စွန်းဥများအချိုလေး၍ အရသာကောင်းမွန်စေရန် ရေသွင်းစိုက်ပျိုးခြင်းမပြုဘဲ မြေအောက်ရေဖြင့်သာ စိုက်ပျိုးကြသည်။

လိမ္မော်ရောင်အနှစ်ရှိသော ကန်စွန်းဥအပြင် ခရမ်းရောင်အနှစ်ရှိသော ကန်စွန်းဥမျိုးလည်းရှိသည်။ ခရမ်းရောင်အနှစ် ကန်စွန်းဥထဲတွင် Antioxidant နှင့် Anti-inflammatory ဓာတ်များ ကြွယ်ဝစွာပါရှိသည်။

**သွင်းကုန်အစားထိုး ကန်စွန်းဥပေါင်ဒါမှုန့်**

ပြည်တွင်း၌ အဖြူရောင်၊ အဝါရောင်နှင့် ပန်းရောင်ရှိသော ကန်စွန်းဥများကို အဓိကစိုက်ပျိုးကြပြီး နောက်ပိုင်းတွင် ဂျပန်ခရမ်းရောင် ကန်စွန်းဥမျိုးများကို စမ်းသပ်စိုက်ပျိုးခဲ့ရာ အရသာမှာ အချိုဓာတ်များ၍ စေးပိုင်မှုရှိခြင်းကြောင့် စားသုံးသူများ နှစ်ခြိုက်ကြသည်။ ၂၀၂၀ ပြည့်နှစ်က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နှင့် ဘန်းယဉ်မြို့တို့၌ စိုက်ပျိုးရေးကုမ္ပဏီနှစ်ခုတို့သည် ဂျပန်နိုင်ငံမှ ကန်စွန်းဥများတင်သွင်း၍ ကိုယ်တိုင်စိုက်ပျိုးသည့်အပြင် တောင်သူများနှင့် အကျိုးတူပူးပေါင်းစိုက်ပျိုးခဲ့ပြီး ထိုစိုက်ခင်းမှထွက်ရှိလာသည့် ခရမ်းရောင် ကန်စွန်းဥများကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ကန်စွန်းဥပေါင်ဒါမှုန့်ထုတ်လုပ်ကာ တောင်ကိုရီးယားနိုင်ငံသို့ ပို့ကုန်အဖြစ် ရောင်းချခဲ့သည်။ ကန်စွန်းဥမှုန့်ကို ပြည်ပနိုင်ငံများ၌ ပါစတာ (Pasta)၊ ဒိုးနတ်မုန့်၊ ချောကလက်၊ ရေခဲမုန့်များတွင် အနံ့၊ အရသာနှင့် အရောင်အတွက် ရောစပ်အသုံးပြုကြသည့်အပြင် ပြည်တွင်းစားသောက်ကုန်များတွင်လည်း အသုံးပြုကြသည်။

**ကန်စွန်းဥ စားနည်းမျိုးစုံ**

ကန်စွန်းဥကို အောက်ပါအတိုင်း သရေစာအဖြစ် အမျိုးမျိုးပြုလုပ်၍ စားသုံးနိုင်သည်။

ကန်စွန်းဥကို များသောအားဖြင့် ပြုတ်၍ ဆီ၊ ဆားနှင့်တို့ကာ စားလေ့ရှိသည်။ ကန်စွန်းဥကို မီးဖုတ်စားကြသည်။ သို့သော် မီးဖုတ်စားပါက ကန်စွန်းဥထဲရှိ Glycemic ဓာတ်ပျက်ပြယ်သွားသည်။

ကန်စွန်းဥပြုတ်ကို အပိုင်းပိုင်းလှီးဖြတ်၍ သာကူကျိုထဲတွင် ထည့်စားနိုင်သည်။ ကန်စွန်းဥကို ချင်းလှီးသကဲ့သို့ သေးသေးမျှင်မျှင်လှီး၍ အခြောက်လှန်း အကြွပ်ကြော်ထားပါက ချင်းသုပ်၊ လက်ဖက်သုပ်များနှင့်လည်း တွဲဖက်စားသုံးနိုင်သည်။

ကန်စွန်းဥကို ပါးပါးလှီး၊ ပဲမှုန့် သို့မဟုတ် ဂျုံမှုန့်ကို ရေနှင့်ခပ်ပျစ်ပျစ်ဖျော်၍ လှီးပြီးသား ကန်စွန်းဥကိုနှစ်ပြီး ဆီနှင့်ကြော်စားနိုင်သည်။ ယင်းသရေစာသည် ကော်ဖီ၊ လက်ဖက်ရည်တို့နှင့် လွန်စွာလိုက်ဖက်သည်။

**■ ကန်စွန်းဥထဲတွင် ဗီတာမင်အေနှင့် ဗီတာမင်စီဓာတ်တို့ ကြွယ်ဝစွာပါသည်။ ယင်းဓာတ်နှစ်မျိုးက Antioxidant ဓာတ်ပေါင်းအဖြစ် အစွမ်းထက်စေကာ ခန္ဓာကိုယ်ထဲရှိ ဆဲလ်အသေများကို ရှင်းထုတ်ပေးပြီး ပန်းနာရင်ကျပ်ရောဂါ၊ အဆစ်ရောင်ရောဂါနှင့် ဂေါက်ရောဂါကဲ့သို့သော ရောင်ရမ်းနာများကို သက်သာပျောက်ကင်းစေသည်။**

**■ ကန်စွန်းဥသည် အစာအိမ်နာ၊ ပြည်တည်နာ စသည့် ကိုယ်တွင်းကိုယ်ပအနာများအပြင် မီးလောင်ဒဏ်ရာ (အမာရွတ်)များအတွက်လည်း ကောင်းမွန်သည်။**

ကန်စွန်းဥကို အခွံနွှာရေဆေးပြီး ပေါင်းပါ။ နူးအိလာပါက အုန်းနို့နှင့် ရောမွှေ၊ သကြားနှင့်ကျိုပြီးနောက် ရနံ့သင်းလာပါက ဗာဒံစေ့၊ သစ်ကြားစေ့တို့ကို ပါးပါးလှီးထည့်ကာ ကန်စွန်းဥဟလဝါအဖြစ် ပြုလုပ်စားသုံးနိုင်သည်။

ကန်စွန်းဥကို မီးဖုတ်၊ ထက်ခြမ်းခွဲ၍ အသားကို ဇွန်းဖြင့်ခြစ်ယူပြီး ရွှေကြည်၊ သကြား၊ အုန်းနို့၊ သစ်ကြံပိုးခေါက်တို့နှင့် ဆားအနည်းငယ်ခတ်ကာ ကျိုချက်ပြီး ပျစ်လာလျှင် စပျစ်သီးခြောက်ထည့်၍ ကန်စွန်းဥရွှေကြည်အဖြစ် ပြုလုပ်စားသုံးနိုင်သည်။

ကန်စွန်းဥကို ချင်းလှီးသကဲ့သို့ သေးသေးမျှင်မျှင်လှီးပြီး ထုံးရည်ကြည်နှင့်စိမ်ပါ။ အတန်ငယ်မာလာပါက ထုံးရည်ကြည်ကိုစင်အောင်ညှစ်ပြီး ကြက်သွန်ကြော်၊ ပဲခြမ်းကြော်၊ ပဲကြီးကြော်၊ နှမ်းလှော်၊ မြေပဲ၊ ပဲမှုန့်အကျက်၊ ဆီ၊ သံပရာသီး၊ ငရုပ်သီးစိမ်း စသည်တို့နှင့်ရော၍ ကန်စွန်းဥသုပ်အဖြစ် စားသုံးနိုင်သည်။

ကန်စွန်းဥရှားပါးသော ဒေသများတွင် ကန်စွန်းဥအမှုန့်ကို အသုံးပြုလေ့ရှိကြသည်။ ယင်းကန်စွန်းဥအမှုန့်ကို နွားနို့ပူပူတွင်ခတ်၍ အာဟာရအဖြစ် သောက်သုံးကြသကဲ့သို့ ကန်စွန်းဥမှုန့်ကို ဟလဝါအဖြစ်လည်း ပြုလုပ်စားသုံးနိုင်သည်။

**ကျန်းမာရေးအတွက် အရေးပါပုံ**

ဇီဝိတဆေးကျမ်းတွင် ကန်စွန်းဥသည် အေး၏။ ရင်ပြည့်တတ်သောသဘောရှိ၏။ ရေငတ်ပျောက်စေ၍ ဝမ်းမီးကို နှုံ့စေတတ်၏ဟုဆိုထားသည်။ ရှုတော်မူဆေးကျမ်းတွင် ကန်စွန်းဥသည် ချို၏။ ဆိမ့်၏။ အားကိုရှိစေတတ်၏။ ရင်ကိုပြည့်စေတတ်၏ဟု ဆိုထားသည်။

ကန်စွန်းဥကို ဆေးသိပ္ပံနည်းအရ ဓာတ်ခွဲစမ်းသပ်ကြည့်ရာ ကျန်းမာရေးအတွက် အရေးပါပုံများကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

- လိမ္မော်ရောင်အနှစ်များဖြင့် ပြည့်ဝနေသောကန်စွန်းဥထဲတွင် Beta-Carotene ဓာတ် ကြွယ်ဝစွာပါရှိသည်။ ယင်းဓာတ်က သွေးထဲတွင် ဗီတာမင်အေပမာဏကို တိုးမြှင့်ပေးသည့်အပြင် ဟင်းသီးဟင်းရွက်မှ ရရှိသော ရှားပါးအဆီဓာတ်ကို ထုတ်ပေးသဖြင့် ကလေးငယ်များအတွက် အထူးသင့်လျော်သည်။
- ကန်စွန်းဥထဲတွင် Glycemic ဓာတ်ပါရှိသည်။ ယင်းဓာတ်သည် ခန္ဓာကိုယ်ထဲရှိ သွေးများအတွက် လိုအပ်လျက်ရှိသော အချိုဓာတ်တစ်မျိုးကို အထောက်အပံ့ပေးသည်။
- ဟင်းသီးဟင်းရွက်နွယ်ဝင် ပဲများနှင့် ဥများအားလုံးတွင် ပရိုတင်းဓာတ် အရည်အသွေးကိုယ်စီပါရှိကြသည်။ ပဲပုပ် ခေါ် ပဲပိစပ်တွင် Glycine ဓာတ်၊ အာလူးတွင် Patatin ဓာတ်၊ မျောက်ဥ/ဝဥတွင် Dioscorin ဓာတ်၊ ပြောင်းဖူးတွင် Zein ဓာတ်တို့ ကြွယ်ဝသည်။ ကန်စွန်းဥတွင် Sporamin ဓာတ်ကြွယ်ဝသည်။ ယင်းဓာတ်က လူ့ခန္ဓာကိုယ်ထဲရှိ ဆဲလ်များထဲတွင် Antioxidant ပျက်စီးယိုယွင်းမှုကို ကြိုတင်ကာကွယ်ပေးသဖြင့် အနာရောဂါများကို အလျင်အမြန်ပျောက်ကင်းစေသည်။
- ကန်စွန်းဥထဲတွင် ဗီတာမင်အေနှင့် ဗီတာမင်စီဓာတ်တို့ ကြွယ်ဝစွာပါသည်။ ယင်းဓာတ်နှစ်မျိုးက Antioxidant ဓာတ်ပေါင်းအဖြစ် အစွမ်းထက်စေကာ ခန္ဓာကိုယ်ထဲရှိ ဆဲလ်အသေများကို ရှင်းထုတ်ပေးပြီး ပန်းနာရင်ကျပ်ရောဂါ၊ အဆစ်ရောင်ရောဂါနှင့် ဂေါက်ရောဂါကဲ့သို့သော ရောင်ရမ်းနာများကို သက်သာပျောက်ကင်းစေသည်။
- ကန်စွန်းဥသည် အစာအိမ်နာ၊ ပြည်တည်နာ စသည့် ကိုယ်တွင်းကိုယ်ပအနာများအပြင် မီးလောင်ဒဏ်ရာ (အမာရွတ်) များအတွက်လည်း ကောင်းမွန်သည်။
- သွေးခုန်နှုန်းကိုကျစေသဖြင့် သွေးတိုးရောဂါသမားများအတွက် အကျိုးရှိသည်။
- အမျှင်ဓာတ်ကြွယ်ဝသောကြောင့် လိပ်ခေါင်းသွေးကျရောဂါကို သက်သာစေပါသည်။
- ကန်စွန်းဥထဲတွင် ဗီတာမင်နှင့်သတ္တုဓာတ်များ မြင့်မားသောကြောင့် ကြွက်သားများ အားစိုက်အလုပ်လုပ်ရသော ကာယလုပ်သားများစားသင့်သော အစားအစာဖြစ်သည်။
- ကန်စွန်းဥတွင် ဗီတာမင်အေဓာတ် အမြောက်အမြားပါဝင်သည်။ ထိုဓာတ်သည် Epithelia တစ်သျှူးနှင့် ဆက်နွယ်သော အရေပြားဂလင်း၊ အင်္ဂါအဖွဲ့အစည်းများကို ကင်ဆာမဖြစ်စေရန် ကာကွယ်ပေးသည်။
- ကန်စွန်းဥသည် တခြားသော အမြစ်ပါ ဟင်းသီးဟင်းရွက်များနှင့်မတူဘဲ ကယ်လိုရီနည်းသဖြင့် အပင်ပရိုတင်းဓာတ်ရရှိရာ အရင်းအမြစ်ဖြစ်သည်။ ယင်းတွင် သကြားပါဝင်မှုနည်းပြီး သွေးထဲရှိ သကြားပမာဏကို တည်ငြိမ်အောင်ထိန်းညှိပေးကာ အင်ဆူလင် လျော့ကျစေသောကြောင့် ဆီးချိုရောဂါဝေဒနာရှင်များ စားသုံးသင့်သော အစားအစာတစ်မျိုးဖြစ်သည်။
- အမျှင်ဓာတ်ကြွယ်ဝသည့် ကန်စွန်းဥကို အခွံပါဝါးစားပေးပါက အစာချေဖျက်မှုကို အားကောင်းစေပြီး ဝမ်းချုပ်ခြင်းကို သက်သာစေနိုင်သောကြောင့် အူမကြီးကင်ဆာဖြစ်ပွားမှုကို ကာကွယ်နိုင်သည်။
- ဆေးလိပ်ကို အလွန်အကျွံသောက်သူများသည် ဗီတာမင်အေဓာတ်ချို့တဲ့ကာ အဆုတ်တွင် ပြဿနာဖြစ်စေနိုင်သည်။ ထို့ကြောင့် ဆေးလိပ်အလွန်အကျွံသောက်သူများနှင့် ဆေးလိပ်မီးခိုးငွေ့ ရှူရှိုက်မိသူများသည် ဗီတာမင်အေဓာတ် ကြွယ်ဝသည့် ကန်စွန်းဥကို မှန်မှန်စားသုံးသင့်သည်။
- ကျန်းမာသော ခန္ဓာကိုယ်တစ်ခု ပိုင်ဆိုင်နိုင်ရန် ဆဲလ်များနှင့်တစ်သျှူးများဖွံ့ဖြိုးမှုက မရှိမဖြစ်လိုအပ်သည်။ ယင်းတို့ဖွံ့ဖြိုးရန် Folate ပမာဏမြင့်မားခြင်းသည် အဓိကကျသည်။ ကန်စွန်းဥထဲတွင် Folate ဓာတ် ကြွယ်ဝသည်။
- ကန်စွန်းဥကို ပုံမှန်စားသုံးခြင်းဖြင့် ကိုယ်ခံအားကောင်းမွန်ကာ ပြင်ပရောဂါများ အလွယ်တကူမကူးစက်ဘဲ ခံနိုင်ရည်ရှိသည်။
- ကန်စွန်းဥထဲတွင် ပိုတက်စီယမ် ကြွယ်ဝစွာပါရှိသည်။ ထို့ကြောင့် နှလုံး၏ လုပ်ဆောင်ချက်များနှင့် သွေးဖိအားတို့ကို ဟန်ချက်ညီညီထိန်းချုပ်ပေးကာ နှလုံးခုန်နှုန်းကို ပုံမှန်ဖြစ်စေသောကြောင့် နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့ကို ကာကွယ်ပေးသည်။

**ကန်စွန်းဥကို မီးဖုတ်စားခြင်းထက် ပြုတ်စားခြင်း သို့မဟုတ် ချက်စားခြင်းက အာဟာရဓာတ်ပိုရစေသည်။ အရောင်ရင့်သော ကန်စွန်းဥက ကျန်းမာရေးအတွက် ပိုမိုအစွမ်းထက်မြက်သည်။** လတ်ဆတ်သောကန်စွန်းဥ၏ အပေါ်ယံအရေခွံသည် ပြောင်တင်းနေသည်။ ကန်စွန်းဥ၏ အပေါ်ယံအရေခွံတွင် အစိမ်းရောင်သန်းနေပါက အဆိပ်အတောက်ဖြစ်စေနိုင်သဖြင့် လုံးဝမစားသင့်ပါ။ ကန်စွန်းဥကို ရေခဲသေတ္တာထဲတွင် လုံးဝမထည့်ပါနှင့်။ ပလတ်စတစ်အိတ်နှင့်လည်း မထုပ်ထားသင့်ပါ။ အာနိသင်ပြယ်တတ်သည်။ အေးပြီး ခြောက်သွေ့သောနေရာတွင် ၁၀ ရက်ခန့်ကြာသည်အထိ ထားနိုင်ပါသည်။

သို့ပါ၍ ကျန်းမာရေးအတွက် ဘက်ပေါင်းစုံမှ အစွမ်းထက်လှသည့် ကန်စွန်းဥကို မုန့်ပဲသရေစာအဖြစ်သာမက အလျဉ်းသင့်သလို ချက်ပြုတ်စားသောက်နိုင်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားမှုစစ်ဆေး



ဖာပွန် အောက်တိုဘာ ၆

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဖာပွန်မြို့နယ် ပုဇွန်မြောင်းကျေးရွာနှင့် နို့ထကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာလ ၆ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပုဇွန်မြောင်းကျေးရွာနှင့် နို့ထကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါပုဇွန်မြောင်းကျေးရွာနှင့် နို့ထကျေးရွာတို့သည် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၁၃ သိန်းအား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုသက်

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေးဆောင်ရွက်

ညောင်ဦး အောက်တိုဘာ ၆

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေး Bagan Plastic Campaign အဖွဲ့ကဦးဆောင်ကာ ပလတ်စတစ်အမှိုက်များ သီးသန့်ကောက်ယူခြင်းကို အောက်တိုဘာလ ၅ ရက်တွင် ဝက်ကြီးအင်းချောင်းလမ်းဘေး ဝဲ/ယာမှစတင်၍ တောင်ဘီရွာလမ်းခွဲအထိ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် Bagan Plastic Campaign အဖွဲ့နှင့် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ဝန်ထမ်းများ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဝန်ထမ်းများနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများမှ ဝန်ထမ်းများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ပုဂံဇုန်)မှဝန်ထမ်းများက ညောင်ဦးမြို့နယ် ဝက်ကြီးအင်းရပ်ကွက် ဝက်ကြီးအင်းချောင်းထိပ်လမ်းဘေး ဝဲ/ယာတစ်လျှောက်မှစတင်၍ ရွှေလိပ်တူးဘုရား၊ ထီးလိုမင်းလိုဘုရား၊ စတုမုခဘုရား၊ ငါးမျက်နှာအိမ်ယာကျောင်းဘုရားပတ်ဝန်းကျင် လမ်းဘေးဝဲ/ယာတစ်လျှောက်မှ တောင်ဘီရွာလမ်းခွဲအထိ လမ်းဘေး ဝဲ/ယာတစ်လျှောက်နှင့် ရေကျော်များအောက် လျှိုမြောင်များအတွင်းမှပလတ်စတစ်အမှိုက်များ၊ ဖော့ဘူးခွံများကောက်ယူရှင်းလင်းခြင်းတို့ဆောင်ရွက်ကြောင်း သိရသည်။

ဒီပါလင်း

# မုံရွာမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးနှမ်းဧက ၁၁၅၂၀ စိုက်ပျိုးပြီးစီး

မုံရွာ အောက်တိုဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးနှမ်းဧက ၁၁၄၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ အောက်တိုဘာလ ၅ ရက်အထိ မိုးနှမ်းဧက ၁၁၅၂၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် မုံရွာမြို့နယ်မှာ မိုးနှမ်းဧက ၁၁၄၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ၁၁၅၂၀ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ အခုလက်ရှိမှာတော့ မိုးနှမ်းစိုက်ပျိုးမှုအနေနဲ့လျာထားဧကထက် ပိုစိုက်ပျိုးနိုင်တယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးသက်အောင်ကပြောသည်။

ယခုနှစ် မုံရွာမြို့နယ်တွင် မိုးနှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်တို့ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခြင်း ဆောင်ရွက်လျက်ရှိသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့်အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၄၀၉)



# အောင်ပွဲဝေစည် သားဗာနည်

❖ ယောက်ျားဇာနည်၊ ဘာမထီတွေ
သာကီဆွေရင်း၊ ရန်ကိုရှင်း၍
ရန်ကြွင်းဟူက၊ မြူမျှတစ်စိ
မရှိလေအောင် စွမ်းဆောင်မည်။

❖ ရန်စွယ်ရန်ငုတ်၊ အမြစ်ပြုတ်ထိ
တိုက်ထုတ်ဖယ်ရှား၊ အားမာန်ပွားကာ
ပြည်သာယာရေး၊ မျှော်ရည်တွေးလျက်
အကြမ်းဖက်ကို သုတ်သင်မည်။

❖ နယ်စွန်နယ်ဖျား၊ အန္တသွား၍
တိုင်းသားပြည်သူ၊ မြန်မာဟူသမျှ
ဘေးရန်ပစေ၊ ရန်သွေကွာဝေး
ကြံစည်တွေးကာ ထမ်းဆောင်မည်။

❖ စဉ်လာတရား၊ နောင်လာသားဖို့
ထားစို့မြေးမြစ်၊ ပြောထုံးဖြစ်အောင်
စွမ်းဆောင်သယ်ပိုး၊ ပြည်အကျိုးကို
ဆပိုးတာဝန် ကျေပွန်မည်။

❖ ပြည်သူ့အပူ၊ ငြိမ်းကာကူလို့
ငြူစူကင်းဝေး၊ ဘဝင်အေးဖို့
စဉ်ထွေးပြည့်စုံ၊ ဘဝလုံရေး
မြော်တွေးချင့်ထောက် စောင့်ရှောက်မည်။

❖ အပြောမဟုတ်၊ အလုပ်သက်သေ
အမိမြေကို၊ စမ်းလိုအေးမြ
ပန်းလိုလှ၍၊ လျှမ်းပပြည့်စုံ
လုံခြုံတင့်တယ်၊ ပေါပြည့်ကြွယ်အောင်
ပြည်ကျိုးဆောင်ဖို့၊ အောင်စေဖို့ရည်
သားမောင်စစ်သည် ချီလာပြီ။
အောင်ပွဲအလီလီ နွှဲကြမည်။ ။

အကျော်ပင်

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၇-၁၀-၂၀၂၄ (တနင်္လာနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၁၆ မေတ္တာပို့
၃။ ၇:၂၀ ဓမ္မပူဇာတေး
၄။ ၇:၃၅ မျိုးချစ်တပ်မတော်
၅။ ၈:၀၅ အမျိုးသားရေးတေးကဗျာ
၆။ ၉:၂၅ ကျန်းမာသုတ
၇။ ၁၀:၅၀ တစ်ချိန်ကသူတို့အကြောင်း
၈။ ၁၁:၄၅ သာယာသီကြွေးခေတ်ဆန်းတေး
၉။ ၁၃:၁၀ အမှတ်တရနေ့ရက်များ
၁၀။ ၁၃:၄၅ စာဆိုစစ်သည်တပ်မတော်ဂုဏ်ရည်
၁၁။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၂။ ၁၉:၀၀ **(၃၈) ဖြာမင်္ဂလာ ပုဗ္ဗေစ ကတ ပုညတာ၊ ဗာဟုသစ္စ၌**
၁၃။ မှတ်တမ်း
၁၄။ တရားတော်

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သောဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ် (Passport for Visit-PV) ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာလေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက်ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အားဆောင်ရွက်ပြီး တရားဝင်သွားရောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

**"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"**

"Empowering the next generation for a resilient future"

**အောက်တိုဘာလ (၁၃) ရက်**

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅ ံc | / | ၃၄.၆ ံc |
| ရန်ကုန် | ၂၄ ံc | / | ၃၃.၆ ံc |
| မန္တလေး | ၂၆ ံc | / | ၃၄.၂ ံc |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

**ဒေါက်တာထွန်းတင့်**

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

**(ယမန်နေ့မှအဆက်)**

**ထ**

**ထ** ၏ အနက်လည်း 'ပေါင်းစည်း' ပင်ဖြစ်သည်။ ပေါင်းစည်းခြင်းအကြောင်းကိုတည်၍ ကြွတက်ခြင်း၊ ပေါ်ထွက်ခြင်း၊ လှုပ်ရှားခြင်း ဟူသော အကျိုးဆက်အနက်များ ဖြစ်ထွန်းလာသည်။ မြန်မာအဘိဓာန်တွင် **ထ**၏အဓိပ္ပာယ်ကို ကြိယာအနက်များအဖြစ် "၁၊ လဲလျောင်းနေရာမှ ထိုင်သည်၊ ရပ်သည်။ ထိုင်နေရာမှရပ်သည်။ ၂၊ ကြွတက်လှုပ်ရှားသည်။ ၃၊ သောင်းကျန်းသည်။ ၄၊ ဖြစ်ပေါ်သည်။ "အပိမ့် **ထ** သည်။ အမြှုပ် **ထ** သည်။" အပင်များ ပေါက်ရောက်တိုးပွားသည်။ ၆၊ အနေအထိုင်ပိပြားသေဝပ်ခြင်းမရှိ၊ အလှုပ်အရှားများသည်။ ၇၊ ဖျားနာရာမှ ပြန်ကောင်းသည်။"ဟု ဖွင့်ဆိုထားပါသည်။

ဤတွင် လဲလျောင်းရာမှ ထိုင်သည်၊ ထိုင်ရာမှ ရပ်သည် စသည်တို့သည် အခြင်းအရာတစ်ရပ်မှ အခြင်းအရာတစ်ရပ်သို့ ပြောင်းလဲပေါင်းစပ်ခြင်းပင်ဖြစ်သည်။ ရေ**ထ**သည်ဟုဆိုလျှင် ကြွတက် လှုပ်ရှားမှုမြင်သာထင်သာ ဖြစ်သည်။ စိတ်**ထ**သည်၊ ဒေါ**ထ**သည်၊ မာန်**ထ**သည် စသည်တို့လည်း ကြွတက်လှုပ်ရှားခြင်းပင်ဖြစ်သည်။ စိတ်၊ ဒေါ၊ မာန်တို့ကို မမြင်သာသော်လည်း စိတ်၊ ဒေါ၊ မာန် စသည် ကြွတက်လှုပ်ရှားခြင်းကြောင့် ကိုယ်အမူအရာကိုကား မြင်သာသိသာပါသည်။ သောင်းကျန်းသည်ဆိုသည်မှာလည်း ကြွတက်လှုပ်ရှားခြင်းပင်ဖြစ်သည်။ အပိမ့်**ထ**သည်၊ အမြှုပ်**ထ**သည်၊ ပြုပ်**ထ**သည်၊ ကြက်သီး**ထ**သည်၊ ဗွက်**ထ**သည် စသည်တို့မှာ ပကတိအားဖြင့် မရှိသည့် အခြင်းအရာမှ ဖြစ်ပေါ်ထင်ရှားလာခြင်းဖြစ်သည်။ ပေါင်းစည်းခြင်းသည် လှုပ်ရှားခြင်းကိုလည်းဖြစ်စေသည်။ ဣန္ဒြေမရ အလွန်**ထ**သော အခြင်းအရာဖြစ်လာသည်။ ပေါင်းမြက်**ထ**သည်၊ တော**ထ**သည် စသည်ဆိုကြသည်။ ဖျားနာနေသူမှာအိပ်နေ၊ ငြိမ်နေရသော သဘောဖြစ်သဖြင့် အိပ်နေရာ ငြိမ်နေရာမှ ထကြွလှုပ်ရှားသည်ကိုပင် နာလန်**ထ**သည်ဟု ဆိုကြသည်။

**ထ** ၏ တိုင်သံမှာ **ထက်** နှင့် **ထပ်** ဖြစ်ပါသည်။ **ထက်** ၏အနက်အဓိပ္ပာယ်ကို လေ့လာပါမည်။

**ထက်** ကို မြန်မာအဘိဓာန်တွင် "နဝိ-၁၊ (ဓားစသည်) အသွားမတုံးသော၊ မြသော။ ၂၊ [ဥပစာ] (စေတနာ၊ ဉာဏ်၊ အာဏာစသည်) စူးရှသော၊ ထိရောက်သော။" ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။

**ထက်** ခြင်းသည် ဂုဏ်ရည်ဖြစ်သည်။ **တုံး** ခြင်းသည်လည်း ဂုဏ်ရည်ဖြစ်သည်။ ထက် နှင့် တုံး သည် ဒွန်တွဲလျက်ရှိသည်။ ထက် နှင့် တုံးသည် ချိတ်ဆက်ယှဉ်တွဲလျက်ရှိသည်။ ပေါင်းစည်းလျက်ရှိသည်။ မထက်လျှင်တုံး၊ မတုံးလျှင်ထက်သည်။ ဓားထက်သည်ဆိုသည်မှာ ဓားမတုံးသည်ကို ဆိုသည်။ **ထက်**သည်ရှေ့သို့တိုးတက်၍ တုံးသည်တစ်နေရာတွင်ရပ်တန့်သည့် သဘောဖြစ်သည်။ ဝတ္ထုဒြပ်၊ အကောင်အထည်မဟုတ်သော်လည်း စေတနာ**ထက်**သန်သည်၊ ဉာဏ်**ထက်**သည်၊ တန်ခိုးအာဏာ**ထက်**သည် စသည်ဖြင့်လည်းသုံးနှုန်းကြသည်။

**ထက်** သည် အပေါ်ဟူသောအနက်ကိုလည်း ဟောသည်။ တောင်ကုန်း**ထက်**က သစ်ပင်၊ သစ်ပင်**ထက်**ကမျောက်ဟူသည်၌ သစ်ပင်သည် တောင်ကုန်းထက်၌ရှိကြောင်း တောင်ကုန်းနှင့် သစ်ပင်ကို**ထက်**က ပေါင်းစည်းပေးသည်။ ထို့နည်းတူ မျောက်သည် သစ်ပင်ထက်၌ရှိကြောင်း **ထက်**က ပေါင်းစည်းပေးသည်။

**ထက်**တွင် ပေါင်းစည်းနက်ရှိကြောင်းကို သမ္ဗန္ဓအဖြစ် သုံးသောအခါ ပို၍သိသာသည်။ မနီလှသည်**ထက်** မဖြူက ပိုလှသည်။ မနီ **ထက်** မဖြူက လှသည်။ မနီနှင့်မဖြူကို ပေါင်းစည်းဆက်စပ်ပေးသည့် စကားလုံးမှာ **ထက်**ဖြစ်သည်။ ဆက်စပ်နှိုင်းယှဉ်ရာတွင် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ **ထက်**နှင့် ဆက်စပ်ပေါင်းစည်း နှိုင်းယှဉ်နိုင်သော်လည်း ရှေးဆရာတော်များကို လေးစားသောအားဖြင့် ကြီးလျှင်**ထက်**ငယ်လျှင် **အောက်** ဟူသော စကားကို သုံးနှုန်းလေ့ရှိကြသည်။

ထက်ဝန်းကျင်ဟူသည်မှာ ပေါင်းစည်းဆက်စပ်လျက်ရှိသော ဝန်းကျင်တစ်ခွင်လုံးကို ဆိုလိုပါသည်။ **ထက်** တွင် ပေါင်းစည်းခြင်း အနက်ရှိကြောင်း ထင်ရှားသောသာဓကဖြစ်ပါသည်။

**ဒ**

**ဒ** သည် မြန်မာဘာသာတွင် အနက်မရှိသော ဝေါဟာရဖြစ်ပါသည်။ အနက်မရှိသဖြင့် အဓိပ္ပာယ်လည်း မရှိပါ။ သို့ရာတွင် **ဒ** နှင့် ရေးသော ဝေါဟာရများ မြန်မာစာပေတွင် တွေ့နေရပါသည်။ **ဒ** ၌ ပင်ကိုအနက်မရှိ၊ အဓိပ္ပာယ်မရှိသော်လည်း အသံဖလှယ်၍ရေးသော အသံစွဲအရေးများနှင့် မွေးစားဝေါဟာရများကိုမူ မြန်မာအဘိဓာန်တွင် တွေ့မြင်နေရပေသည်။ သာဓကအချို့ထုတ်ပြပါမည်။

**သာဓက။** ။

**ဒကာ**၊ န - ၁၊ ပေးလှူသူ။ ၂၊ ရဟန်းက လူယောကျ်ားကို ခေါ်သော စကား။ [ပါ၊ ဒါယက > ဒကာ ]

**ဒရဝမ်**၊ န - တံခါးစောင့်သူ။ အစောင့်။ [ဟိန္ဒီ၊ ဒရဝါန် ]

**ဒရိုင်ဘာ**၊ န - မော်တော်ယာဉ်မောင်းနှင်သူ။ ယာဉ်မောင်း။ [လိပ်၊ driver]

**ဒလန်**၊ န - တစ်စုံတစ်ယောက်၏ အကျိုးအတွက် အခြားသူကို လှည့်ဖြား၍ ဆောင်ရွက်ပေးသူ။ [ဟိန္ဒီ၊ ဒလာလ်]

**ဒါဇင်**၊ န - တစ်ဆယ့်နှစ်ခု။ [လိပ်၊ dozen ]

**ဒီပနီ**၊ န - အကြောင်းရပ်တို့ကို အကျယ်တဝင့် ရှင်းလင်းဖွင့်ပြသော ကျမ်း။ [ပါ၊ ဒီပနီ]

**ဒီမိုကရေစီ**၊ န - ပြည်သူတို့၏ ဆန္ဒအရ ပြည်သူ့ကိုယ်စားလှယ်များဖြင့် နိုင်ငံအုပ်ချုပ်သောစနစ်တစ်မျိုး။ [လိပ်၊ democracy]

**ဒု**၊ န - အရာဝတ္ထုတစ်ခု၏ အထုပမာဏ။ အထု။ [ မြန်၊ ထု]

**ဒေါ်**၊ စည်း - ယဉ်ကျေးသောအားဖြင့် မိန်းမ၏ အမည်ရှေ့က ထည့်သုံးသော စကား။ [ မြန်၊ တော်]

**ဒေါင်**၊ န - အရပ်အမောင်း။ ကိုယ်ခန္ဓာအမြင့်။ [ မြန်၊ ထောင်]

**ဓ**

**ဓ** သည် မြန်မာဘာသာတွင် အနက်မရှိသော ဗျည်းအက္ခရာဖြစ်ပါသည်။ အနက်မရှိသဖြင့် အဓိပ္ပာယ်လည်းမရှိပါ။ သို့ရာတွင် **ဓ** နှင့် ရေးသော ဝေါဟာရများ မြန်မာအဘိဓာန်တွင် တွေ့နေရပါသည်။ ဓ ၌ ပင်ကိုအားဖြင့် အနက်မရှိ၊ အဓိပ္ပာယ်မရှိသော်လည်း အသံဖလှယ်ရေးသော အသံစွဲအရေးများနှင့် မွေးစားဝေါဟာရများကို မြန်မာအဘိဓာန်တွင် တွေ့နေရပေသည်။

**သာဓက။** ။

**ဓနရှင်**၊ န - ငွေအရင်းအနှီးများစွာရှိသောသူ။ [ပါ၊ ဓန + မြန်၊ ရှင်]

**ဓမကရိုဏ်**၊ န - ရဟန်းတို့၏ ပရိက္ခရာရှစ်ပါးအဝင်ဖြစ်သော ရေစစ်။ [ပါ၊ ဓမကရဏ]

**ဓား**၊ န - သံဖြင့်ပြုလုပ်သော အသွားပါသော လက်ကိုင်ရိုးတပ် လက်နက်။ [ မြန်၊ ထား]

**ဓူဝံ**၊ န - ကမ္ဘာ၏ မြောက်ဝင်ရိုးစွန်းဘက် ကောင်းကင်တွင် အမြဲ တည်နေသောကြယ်။ [ပါ၊ ဓုဝ]

**ဓာတ်**၊ န - ၁၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ကဲ့သို့သော အရင်းခံ သဘော။ ၂၊ ရွှေငွေကဲ့သို့သော မြေထွက်သတ္တု။ ၃၊ အစာဟောင်း။ [ပါ၊ ဓာတု]

**ဓာတ်ဘူး**၊ န - အအေး သို့မဟုတ် အပူကို ထိန်းချုပ်နိုင်အောင် ဖန်သားနှစ်လွှာအကြားတွင် လေဟာနယ်ထား၍ ပြုလုပ်ထားသည့်ဘူး။ [ ပါ၊ ဓာတု + မြန်၊ ဘူး]

**ဓမ္မသတ်**၊ န - တရားဥပဒေဆိုင်ရာကျမ်း။ [ပါ၊ ဓမ္မသတ္ထ]

**ဓမ္မာရုံ**၊ န - တရားဟောရာ၊ ဘုရားရှိခိုးဝတ်တက်ရာ အဆောက်အအုံ။ [ပါ၊ ဓမ္မ + အာရာမ]

**ဓမ္မန္တရာယ်**၊ န - တရားတော်ကို ထိခိုက်စေနိုင်သော အန္တရာယ်။ [ပါ၊ ဓမ္မ + အန္တရာယ ]

(ဆက်လက်ဖော်ပြပါမည်)

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများ၊ ဘီလူးချောင်းရေအားလျှပ်စစ်စက်ရုံများအား ကြည့်ရှုစစ်ဆေး



နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဇေယျာသီရိမြို့နယ် ရွှေပေးကျေးရွာရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် မီးဖိုချောင်သုံးပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ထိန်းချုပ်ခန်းအတွင်းရှိစက်များ ကြံ့ခိုင်မှုအခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၆

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စာသင်ကျောင်းများ၊ ဆေးရုံ၊ဆေးခန်းများ၊ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရောပေးအပ်လှူဒါန်းလျက်ရှိသည်။

၎င်းအပြင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်၊ လောပိတမြို့ရှိ ဘီလူးချောင်း အမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့သွားရောက်၍ ရေကြီးရေလျှံမှုအခြေအနေများ၊ စက်ရုံအတွင်း ရေဝင်ရောက်မှုအခြေအနေများနှင့် ထိန်းချုပ်ခန်းအတွင်းရှိစက်ကြံ့ခိုင်ရေးအခြေအနေများအား သွားရောက်စစ်ဆေးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ရေဝင်ရောက်မှုနည်းအောင် သဲအိတ်များဖြင့် အတားအဆီးများပြုလုပ်နေမှုအခြေအနေများ၊ စက်ရုံအတွင်း ဝင်ရောက်နေသောရေများအား ရေစုပ်စက်များဖြင့် စုပ်ထုတ်နေမှုအခြေအနေများ၊ စက်ယန္တရားများဖြင့် ရေလွှဲတာပေါင်ပြုလုပ်နေသည့် အခြေအနေများအား ကြည့်ရှုအားပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လောပိတ အမှတ်(၁)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိကြပြီး ထိန်းချုပ်ခန်းမှ လျှပ်စစ်ဓာတ်အားထုတ်လွှတ်နေမှုအခြေအနေများ၊ စက်များကြံ့ခိုင်မှုအခြေအနေများ၊ စက်ရုံရေပိုလွှဲမှ ရေလွှဲထားရှိမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၎င်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများအစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိပြီး ပြုပြင်ရန်ကျန်ရှိနေသည့် လမ်း/တံတားများကိုလည်း အမြန်ဆုံးဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား





တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများ၌ အားကစားသမားများ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၆

၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသောအားကစားကွင်း/ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၄ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(A) တွင် အသီးသီးယှဉ်ပြိုင်ကစားပြီး အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်တိုက်ကွမ်ဒိုကော်မတီမှ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိတပ်နယ်အားကစားရုံ၌ အလွတ်တန်းနှစ်ယောက်တွဲပြိုင်ပွဲ၊ အသင်းလိုက်ပြိုင်ပွဲပွဲစဉ်များယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။



တပ်မတော်(ကြည်း၊ ရေ၊ လေ)ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ အားကစားသမားများ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

အလားတူ ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(B)တွင် အောက်တိုဘာလ ၇ ရက်နေ့တွင်အမျိုးသား/အမျိုးသမီးအကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသားပြိုင်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းတို့လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းတို့လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ (၁၀၀)

# ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းများ ဆက်လက်ကောက်ယူနေမှုမြင်ကွင်း


နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ ၂၀၂၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-နိုင်ထွန်း


ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ တုံတာမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-မြတ်မွန်(ပြန်/ဆက်)


ကန့်ဘလူမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-အောင်ဝင်းငြိမ်း(ကန့်ဘလူ)


ကျိုက်လတ်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-ကျိုက်လတ်(ပြန်/ဆက်)


စဉ့်ကိုင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-မြို့နယ်(ပြန်/ဆက်)


ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အင်တောမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-အင်တော(ပြန်/ဆက်)


မြဝတီမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-ဇာဖြူဝင်း(မြဝတီ)


ပျဉ်းမနားမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-ဇော်မျိုး(မြဝတီ)


ငဖဲမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-မယု(ငဖဲ)


ပုဗ္ဗန်တောင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-ဟန်စုယဉ်


တောင်ငူမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။


ပဲခူးမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။

# ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ခင်းများကို ခြောက်တန်းသွားကောက်စိုက်စက်များဖြင့် ပြန်လည်စိုက်ပျိုးပေးနေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၆**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် ကွမ်းခြံကျေးရွာအနီး ကွင်းအမှတ် (၁၇၃၂)အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တောင်သူ ဦးကျော်ဆန်း၏ မိုးစပါးစိုက်ခင်းဧက ၁၆ ဧကတွင် နေပြည်တော်စက်မှုလယ်ယာဦးစီးဌာနမှ ခြောက်တန်းသွားကောက်စိုက်စက်များဖြင့် မိုးစပါးများ ပြန်လည်စိုက်ပျိုးပေးနေမှုကို သွားရောက်ကြည့်ရှုသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဌာနဆိုင်ရာများ၊ တောင်သူများနှင့် တွေ့ဆုံ၍ နေပြည်တော်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်ယာမြေများကို အမြန်ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မြေပြုပြင်ခြင်းလုပ်ငန်းများ၊ ရေထုတ်မြောင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ စိုက်ပျိုးရေရရှိရေး၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးတို့ကို အစီအစဉ်များရေးဆွဲကာ ဆောင်ရွက်စေလိုကြောင်း၊ လယ်ယာသုံးစက်ကိရိယာများကို စက်စွမ်းအားပြည့်ဖြင့် ဆောင်ရွက်ပေးနိုင်ရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ပျဉ်းမနားမြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၂၁၂/၃)တွင် လမ်းဦးစီးဌာနမှ လမ်းသားပျက်စီးနေမှုများကို ခြစ်ထုတ်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# တပ်မတော်အရိုးအထူးကုဆေးရုံကြီး ခုတင်-၅၀၀ ၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ၏ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ



**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် တပ်မတော်အရိုးအထူးကုဆေးရုံကြီး ခုတင် – ၅၀၀ ၌ကျင်းပရာ ဒဂုံမြို့သစ်ခရိုင်မှ အင်အား ၅၀ ကျော် တက်ရောက်သွေးလှူဒါန်းကြသည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဗဟိုမှ အတွင်းရေးမှူး (၃) ဦးမောင်မောင်ညွန့်၊ ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးသန့်စင်နှင့် တာဝန်ရှိသူများ၊ ပြင်ပအလှူရှင်များ တက်ရောက်ကြသည်။

သွေးလှူဒါန်းပွဲတွင် တပ်မတော်ဆေးရုံကြီးမှ တာဝန်ရှိသူများက သွေးလှူရှင်များကို ကြည့်ရှုအားပေးပြီး သွေးလှူရှင်များအတွက် စားသောက်ဖွယ်ရာများလှူဒါန်းကာ အလှူရှင်မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မိတ္ထီလာမြို့နယ် ဥယျာဉ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေစိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူများနှင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများ ရရှိစေပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် ဒေသထွက်ကုန်အပေါ်အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပြီး အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ တောမကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့်မွေးမြူထားသည့် နို့စားနွားမွေးမြူရေးလုပ်ငန်းကို အောက်တိုဘာလ ၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ဥယျာဉ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မွေးမြူထားသည့် နွားမွေးမြူရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး နို့စားနွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့်မွေးမြူထားသည့် နို့စားနွားမွေးမြူရေးလုပ်ငန်း ရေရှည်တည်တံ့အောင်မြင်စေရေးအတွက် ဆောင်ရွက်ရန် ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးလွင်နှင့် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်ဝင်းက မိတ္ထီလာခရိုင်အတွင်း နွားမွေးမြူရေးဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက မြို့နယ်အတွင်း နွားမွေးမြူရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြသည်။ ထို့နောက် ဥယျာဉ်ကျေးရွာမှ ဒေသခံပြည်သူများက ကျေးရွာအတွင်း ဆောင်ရွက်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မိတ္ထီလာမြို့နယ်၌ ယခုဘဏ္ဍာရေးနှစ်အတွင်း ပေါက်ပင်သာကျေးရွာ၊ ဥယျာဉ်ကျေးရွာ၊ မကျီးပင်ပုကျေးရွာ၊ အုတ်ကျင်းကျေးရွာ၊ ကန်သာအေးကျေးရွာနှင့် မုန်ပင်ဆည်ကျေးရွာတို့၌ နို့စားနွားအကောင်ရေ ၈၂ ကောင် မွေးမြူထားကြောင်း သိရသည်။

(မိ၀၂)

# ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံများထိခိုက် ပျက်စီးခဲ့ကြသည့် တောင်သူများနှင့်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာနှင့် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာရှိ မိုးသီးနှံများ ရေကြီးနစ်မြုပ်မှုကြောင့် မိုးသီးနှံများထိခိုက်ပျက်စီးခဲ့သည့် ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ရာဂိမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ် ခဲ့သဖြင့် ထိခိုက်ပျက်စီးခဲ့သည့် သီးနှံများပြန်လည်စိုက်ပျိုးရန် အရင်းမပျောက်မတည်ငွေဖြင့် မိုးစပါးသီးနှံထိခိုက်မှုရှိခဲ့သည့် စိုက်ခင်းများအတွက် တစ်ဧကငွေကျပ်တစ်သိန်းနှုန်းဖြင့် အတိုးမဲ့ချေးပေးရန် လျာထားကြောင်း၊ မိမိတို့ရပ်ရွာ ပြန်လည်ထူထောင်ရေးအတွက် ဒေသခံတောင်သူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနက ထုတ်လုပ်သည့် သီးနှံမျိုးစေ့များပေးအပ်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာမှ တောင်သူ ၇၀ ဦးနှင့် ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာမှ တောင်သူ ၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

(၅၀၀)

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၄၅၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၇ ရက်မှ ၁၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၄၅၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

★ **စာမျက်နှာ ၁၅ မှအဆက်**

Public Relations အပိုင်းတွင်လည်း ကျွမ်းကျင်နေရန် လိုအပ်ကြောင်း။

ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များသည် နိုင်ငံတော်၏ရေကြောင်းအကျိုးစီးပွားများ (Maritime Interests)၊ ရေကြောင်းအရင်းအမြစ်များ (Marine Resources)ကို ထိန်းသိမ်းစောင့်ရှောက်ရသူများဖြစ်သည့်အတွက် တာဝန်ထမ်းဆောင်ရာတွင် နိုင်ငံတကာရေကြောင်းအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံပြီး ပြည်တွင်းရေကြောင်းဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ သတ်မှတ်လုပ်ငန်းတာဝန်များအား ကျေပွန်အောင် ထမ်းဆောင်သွားကြရန်၊ ကမ်းခြေစောင့်တပ်ဖွဲ့၏ဆောင်ပုဒ်ဖြစ်သည့် **"စောင့်ရှောက်ကာကွယ် ဒို့ပင်လယ်"** ဆောင်ပုဒ်အတိုင်း မြန်မာ့ပင်လယ်နှင့် ပင်လယ်ပြင်သယံဇာတ အကျိုးစီးပွားများကို စောင့်ရှောက်ကာကွယ်နိုင်စွမ်းရှိသော၊ စွမ်းရည်ရှိသော၊ နိုင်ငံတကာ ကမ်းခြေစောင့်တပ်ဖွဲ့များနှင့် ရင်ပေါင်တန်းနိုင်သော တပ်ဖွဲ့တစ်ခုအဖြစ် ကြိုးပမ်းတည်ဆောက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် ကြီးကြပ်ရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်လင်းက အမြန်သွားကင်းလှည့်ရေယာဉ်(၄)စင်းအား တပ်တော်ဝင်ရေယာဉ်များအဖြစ်ကြေညာခြင်း၊ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ ကမ်းခြေစောင့်တပ်ဖွဲ့အလံလွှင့်တင်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်း(၈) ချက်တီးခြင်းနှင့် တပ်တော်ဝင်လုပ်ငန်းစဉ်များအား အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်ရေယာဉ်များဖြစ်သော ၄၈ မီတာ အမြန်သွားကင်းလှည့်ရေယာဉ်(၄)စင်းတို့အား လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အမြန်သွားကင်းလှည့်ရေယာဉ်ပေါ်ရှိ ဧည့်သည်တော်မှတ်တမ်းတင်စာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်ဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

❖ **ကမ်းခြေစောင့်တပ်ဖွဲ့သည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရသကဲ့သို့ ပင်လယ်ပြင်တွင်လည်း ပြည်တွင်း၊ ပြည်ပကကုန်သွယ်ရေယာဉ်များကို စစ်ဆေးကြပ်မတ်ရခြင်းဖြစ်သည့်အတွက် ရေကြောင်းဆိုင်ရာဥပဒေများ၊ နိုင်ငံတကာဥပဒေများ၊ IMO Regulation များ၊ မြန်မာနိုင်ငံက သဘောတူလက်မှတ်ရေးထိုးထားသည့် Convention များ၊ Treaty များကို ကောင်းမွန်စွာ သိရှိနားလည်ပြီး မိမိနိုင်ငံအကျိုးစီးပွားအတွက် ထိထိရောက်ရောက်အသုံးချနိုင်ရမည်ဖြစ်သကဲ့သို့ အဆိုပါဥပဒေများနှင့်အညီ ကမ်းခြေစောင့်တပ်ဖွဲ့၏ တာဝန်များကို ထမ်းဆောင်နိုင်ရန်လည်း လိုအပ် . . .**

❖ **ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များသည် နိုင်ငံတော်၏ရေကြောင်းအကျိုးစီးပွားများ (Maritime Interests)၊ ရေကြောင်းအရင်းအမြစ်များ (Marine Resources)ကို ထိန်းသိမ်းစောင့်ရှောက်ရသူများဖြစ်သည့်အတွက် တာဝန်ထမ်းဆောင်ရာတွင် နိုင်ငံတကာရေကြောင်းအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံပြီး ပြည်တွင်းရေကြောင်းဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ သတ်မှတ်လုပ်ငန်းတာဝန်များအား ကျေပွန်အောင်ထမ်းဆောင်သွားကြရန်၊ ကမ်းခြေစောင့်တပ်ဖွဲ့၏ဆောင်ပုဒ်ဖြစ်သည့် "စောင့်ရှောက်ကာကွယ်ဒို့ပင်လယ်" ဆောင်ပုဒ်အတိုင်း မြန်မာ့ပင်လယ်နှင့် ပင်လယ်ပြင်သယံဇာတ အကျိုးစီးပွားများကို စောင့်ရှောက်ကာကွယ်နိုင်စွမ်းရှိသော၊ စွမ်းရည်ရှိသော၊ နိုင်ငံတကာကမ်းခြေစောင့်တပ်ဖွဲ့များနှင့် ရင်ပေါင်တန်းနိုင်သော တပ်ဖွဲ့တစ်ခုအဖြစ် ကြိုးပမ်းတည်ဆောက် . . .**

# လက်ဆွဲပန်းချီဒီဇိုင်းအသစ်အဆန်းများဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွား ဝါသနာရှင်များအတွက် ဝန်ဆောင်မှုပေးရန်ပြင်ဆင်ထား

ရန်ကုန် အောက်တိုဘာ ၆

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် သီတင်းကျွတ်ပွဲတော်ကာလ၌ ပြည်တွင်း၊ ပြည်ပခရီးသွား လက်ဆွဲပန်းချီဝါသနာရှင်များအား အထင်ကရဘုရား၊ စေတီများအနီးရှိ ထနောင်းပင်ရိပ်တို့တွင် ဒေသခံလက်ဆွဲပန်းချီပညာရှင်များက ပုဂံယဉ်ကျေးမှုရိုးရာ ကနုတ်ပန်းပုံများ၊ လူငယ်အကြိုက်ခေတ်မီပုံများနှင့် ပုဂံအလှနှင့်လိုက်ဖက်ညီသည့် လက်ဆွဲပန်းချီဒီဇိုင်းအသစ်အဆန်းများဖြင့် ဝန်ဆောင်မှုပေးရန် ပြင်ဆင်ထားကြောင်း ဒေသခံလက်ဆွဲပန်းချီအသိုက်အဝန်းမှ သိရသည်။

သီတင်းကျွတ်ပွဲတော်ကာလသည် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်၍ နိုင်ငံတစ်ဝန်းမှ ခရီးသွားများလာရောက်လည်ပတ်ကြလေ့ရှိပြီး သီတင်းကျွတ်အဖိတ်နေ့၊ လပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့တွင် အထူးစည်ကားသောကြောင့် ဟိုတယ်နှင့်တည်းခိုခန်းများ လူပြည့်လေ့ရှိ၍ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းပွင့်လန်းလေ့ရှိသည့် ရာသီအလိုက် ပွဲတော်တစ်ခုလည်းဖြစ်သည်။

"နိုင်ငံခြားသားတွေက ပုဂံဘုရားနဲ့ သက်ဆိုင်တဲ့ပုံတွေကို အထူးနှစ်သက်ပြီး ပြည်တွင်းခရီးသွားတွေက ပုဂံအငွေ့အသက်နဲ့ ခေတ်ဆန်းတက်တူးပုံတွေကြိုက်ကြတယ်။ ဒါကြောင့် ဒီသီတင်းကျွတ်မှာ မနှစ်ကထက် ခရီးသွားဝင်ရောက်မှာဖြစ်တဲ့အတွက် ပုဂံကလက်ပန်းချီပညာရှင်တွေက ပုဂံယဉ်ကျေးမှုပုံရိပ်နဲ့ ခေတ်မီပုံစံပေါင်းစပ်ပြီး ဆန်းသစ်တဲ့ဒီဇိုင်းပုံစံတွေနဲ့ဝန်ဆောင်မှုပေးဖို့ ပြင်ဆင်ထားပါတယ်။ ခရီးသွားအားလုံးကို ပုဂံသူ၊ ပုဂံသားများက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနေပါတယ်"ဟု လက်ဆွဲပန်းချီပညာရှင်တစ်ဦးဖြစ်သော ဦးဇေယျာက ပြောသည်။

လက်ဆွဲပန်းချီကနုတ်ပန်းတစ်ခုလျှင် ငွေကျပ် ၁၅၀၀ မှ ၃၀၀၀၀ အထိဈေးရှိပြီး အမျိုးသား၊ အမျိုးသမီး၊ ကလေး၊ လူငယ်ပါမကျန် လက်နှင့်လက်မောင်းတစ်လျှောက် လက်ဆွဲပန်းချီရေးဆွဲမှုကို နှစ်သက်ကြလေ့ရှိရာ ခရီးသွားများအကြိုက် နှစ်သက်ရာပုံကို ရေးဆွဲပေးလျက်ရှိကြောင်း၊ ပုဂံဒေသတွင် နှစ်ပေါင်း ၁၀ နှစ်ခန့်သက်တမ်းရှိသော လက်ဆွဲပန်းချီလုပ်ငန်းတွင် ပုဂံယဉ်ကျေးမှုနယ်မြေတစ်ဝန်းရှိ လက်ဆွဲပန်းချီရေးဆွဲသူ ၁၀၀ ကျော်မှ နှစ်စဉ် ပြည်တွင်း၊ ပြည်ပခရီးသွားများအား ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**သစ္စာ(MNA)**

# ဟိုင်းကြီးကျွန်းမြို့ ကျောက်ချောင်းကျေးရွာအုပ်စု၌ ကော်ဖီသီးနှံစိုက်ပျိုးပွဲ ကျင်းပ

ဟိုင်းကြီးကျွန်း အောက်တိုဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ ကျောက်ချောင်းကျေးရွာအုပ်စု တောင်သူ ဦးစိုးကိုကိုအောင်၏ ကွင်း၌ ဈေးကွက်ဝင် ကော်ဖီသီးနှံစိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားပြီး MSME လုပ်ငန်းများ တိုးပွားလာစေရန်ရည်ရွယ်၍ ကော်ဖီသီးနှံစိုက်ပျိုးပွဲကို အောက်တိုဘာလ ၅ ရက်က ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဟိုင်းကြီးကျွန်းမြို့ အုပ်ချုပ်ရေးမှူး ဦးကောင်းစံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး ကျောက်ချောင်းကျေးရွာအုပ်စု တောင်သူ ဦးစိုးကိုကိုအောင်၏ ကွင်းအမှတ်(၂၀၀၃) ဦးပိုင်အမှတ်(-) မြေရိုင်းဧရိယာ ကိုးဧကအနက် ဧရိယာသုံးဧကတွင် ကော်ဖီပျိုးပင်ပေါက်များ စိုက်ပျိုးကြသည်။

ထို့နောက် ဟိုင်းကြီးကျွန်းမြို့ အုပ်ချုပ်ရေးမှူး ဦးကောင်းစံက သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရေး၊ စိမ်းလန်းမြေများ တိုးပွားလာစေရေးအတွက် သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပရခြင်းဖြစ်ကြောင်း၊ တန်ဖိုးမြင့်မားသော ဈေးကွက်ဝင်ကော်ဖီသီးနှံစိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားပြီး MSME လုပ်ငန်းများ တိုးပွားလာစေရန် ရည်ရွယ်ကြောင်းနှင့် စိုက်ပျိုးသည့်အပင်များ ရှင်သန်ကြီးထွားအောင် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောကြားပြီး တောင်သူများ၏ မေးမြန်းဆွေးနွေးမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။ **လှိုင်မျိုးအောင်(ပြန်/ဆက်)**

# ပုသိမ်မြို့နယ်၌ ရှမ်းပြည်နယ်မှဝင်ရောက်လာသော ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

ပုသိမ် အောက်တိုဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် စားသောက်ကုန်ဈေးကွက်၌ ရှမ်းပြည်နယ်မှဝင်ရောက်လာသော ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ်၌ စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်စုစု၏ပြောကြားချက်အရ သိရသည်။

စက်တင်ဘာလ နောက်ဆုံးပတ်မှစ၍ ပုသိမ်မြို့နယ်သို့ ရှမ်းပြည်နယ်မှ ကြက်သွန်ဖြူများဝင်ရောက်လျက်ရှိပြီး တစ်ရက်လျှင် ကြက်သွန်ဖြူပိဿာချိန် ၁၀၀ မှ ၂၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်နေသည့်အတွက် ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများ၊ လုပ်သားများ၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

**❖ ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် ယခုကဲ့သို့ များပြားသည့် ရေကြောင်းဆိုင်ရာတာဝန်များကို ထမ်းဆောင်နိုင်ရေး နှစ်စဉ်တိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့ပြီးဖြစ်၊ ရေမိုင် ၁၃၀၀ ခန့်ရှိသည့် ကမ်းရိုးတန်း၊ ကျွန်းပေါင်း(၁၄၀၀)ရှိပြီး ရေပြင်နယ်နိမိတ် စတုရန်းရေမိုင် (၁၄၃၁၁၀ ဒသမ ၇၂)ရှိသည့် မိမိတို့နိုင်ငံအတွက် ကမ်းခြေစောင့်တပ်ဖွဲ့ကို ယခုထက်များစွာသော ရေယာဉ်၊ လက်နက်ပစ္စည်းကိရိယာ၊ လူ့စွမ်းအားများကို တိုးချဲ့သွားရဦးမည်ဖြစ် . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမြန်သွားကင်းလှည့်ရေယာဉ်ပေါ်ရှိ ဧည့်သည်တော်မှတ်တမ်းတင်စာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်လာကြသည့်ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

✭ **စာမျက်နှာ ၁၇ မှအဆက်**

ထိတွေ့ဆက်ဆံရာတွင် White Hull Diplomacy ကို ထိထိရောက်ရောက် ကျင့်သုံးလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ အဖြူရောင်ကိုယ်ထည် သံခင်းတမန်ခင်း (White Hull Diplomacy) ဆိုသည်မှာ အဖြူရောင်ရေယာဉ်များကို အသုံးပြုတာဝန်ထမ်းဆောင်ကြသည့် ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့်နိုင်ငံတကာနှင့်သံခင်းတမန်ခင်းကဲ့သို့သော ငြိမ်းချမ်းစွာထိတွေ့ဆက်ဆံခြင်း၊ လူသားချင်းစာနာအကူအညီပေးခြင်းနှင့် ရေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက် အတူတကွပူးပေါင်းဆက်ဆံဆောင်ရွက်ခြင်းတို့ကို ဆိုလိုခြင်းဖြစ်ကြောင်း။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်ဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

ကမ်းခြေစောင့်တပ်ဖွဲ့များသည် စစ်ရေးနှင့်မသက်ဆိုင်သည့် ပင်လယ်ရေကြောင်းရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေကြောင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း၊ ပင်လယ်ဓားပြရန် ကာကွယ်တားဆီးနှိမ်နင်းခြင်းစသည့် အရပ်သားပြည်သူလူထုများကိုစောင့်ရှောက်ကာကွယ်ခြင်းနည်းလမ်းများကို အခြေခံသည့် Civilian Oriented လူမှုဝန်ထမ်းတပ်ဖွဲ့တစ်ခုအသွင် တာဝန်ထမ်းဆောင်ရခြင်းပင်ဖြစ်ကြောင်း။

ကမ်းခြေစောင့်တပ်ဖွဲ့သည် ပြည်သူလူထုကို အကူအညီပေးရန် လူမှုဝန်ထမ်းအခြေပြုတပ်ဖွဲ့ Civilian-Oriented Troop တစ်ခုဖြစ်ခြင်းကြောင့် ပင်လယ်ရေကြောင်းအသုံးပြုသူ Mariners များကို ကူညီကယ်ဆယ်ရန်နှင့် အရပ်ဘက်ရေကြောင်းအာဏာပိုင်များ၊ အဖွဲ့အစည်းများ၊ Agency များ၏ လုပ်ငန်းရပ်များကို ပံ့ပိုးကူညီရန်လိုအပ်ကြောင်း၊ အထူးသဖြင့် သဘာဝဘေးအန္တရာယ်၊ အရေးပေါ်အခြေအနေသို့မဟုတ် ရေကြောင်းနှင့်ပတ်သက်သည့်အရေးကိစ္စများ၊ အငြင်းပွားမှုများတွင် ပြည်သူလူထုအတွက် ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်သည့်အခါ အရပ်သားပြည်သူလူထုများနှင့် အနီးကပ်ထိတွေ့ပြီး အခက်အခဲကာလများတွင် ပြည်သူလူထုဘဝလုံခြုံစိတ်ချရန်နှင့် တရားဥပဒေစိုးမိုးရန်ကို လုပ်ဆောင်ရမည်ဖြစ်သည့်အတွက်

**စာမျက်နှာ ၁၄ သို့** ✭



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက တပ်တော်ဝင်အခမ်းအနားအထိမ်းအမှတ် ရေယာဉ်ပုံစံငယ်ကို ဂါရဝပြုပေးအပ်စဉ်။

☆ **ရှေ့ဖုံးမှအဆက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကိုကိုကျော်၊ သက်ဆိုင်ရာ ရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူးများ၊ တပ်မတော်(ရေ)နှင့် ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ဦးစွာ ကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကိုကိုကျော်က တပ်တော်ဝင်ရေယာဉ်များဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက တပ်တော်ဝင်အခမ်းအနားအထိမ်းအမှတ် ရေယာဉ်ပုံစံငယ်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ယနေ့သည် ၄၈ မီတာ အမြန်သွားကင်းလှည့်ရေယာဉ်သစ် (၄)စင်းကို မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တွင် အင်အားဝင်ရေယာဉ်များအဖြစ် တပ်တော်ဝင်စာရင်းသွင်းနိုင်သည့် မင်္ဂလာရှိသောနေ့တစ်နေ့ ဖြစ်သကဲ့သို့ မိမိတို့တပ်မတော်နှင့် ကမ်းခြေစောင့်တပ်ဖွဲ့အတွက် အားသစ်လောင်းသည့် နေ့တစ်နေ့လည်းဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည့် ကမ်းခြေစောင့်တပ်ဖွဲ့၏ ၁ နှစ်မြောက် တပ်နှစ်ပတ်လည်နေ့အခမ်းအနားလည်းဖြစ်ကြောင်း။

**နိုင်ငံတော်၏ ပင်လယ်ရေကြောင်းဆိုင်ရာ အမျိုးသားအကျိုးစီးပွားနှင့် အဏ္ဏဝါပတ်ဝန်းကျင်ဆိုင်ရာ ဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ပင်မကမ်းခြေကမ်းရိုးတန်းမှ သီးသန့်စီးပွားရေးဇုန်အထိ ရေပြင်၊ ဝေဟင်နှစ်ရပ်လုံးမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိသည့် အရည်အချင်းပြည့်ဝသော ကမ်းခြေစောင့်တပ်ဖွဲ့ ဖြစ်လာရမည်ဟူသည့်မျှော်မှန်းချက်အမြင် ကျယ်ကျယ်ပြန့်ပြန့်ထားရှိပြီး တပ်ဖွဲ့ကို တည်ဆောက်သွားရန် မှာကြားလိုကြောင်း။**

**ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့်သတ်မှတ်လုပ်ငန်းတာဝန်များဖြစ်သည့် လူသားချင်းစာနာအကူအညီပေးရေးကဏ္ဍတွင် သဘာဝဘေးဒုက္ခကယ်ဆယ်ခြင်း၊ ပင်လယ်ပြင်၌ အရေးပေါ်လိုအပ်ချိန်များတွင် အကူအညီပေးခြင်းတို့ကို ဒေသတွင်းနိုင်ငံများနှင့်သော်လည်းကောင်း အိမ်နီးချင်းနိုင်ငံများနှင့်သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ပင်လယ်ရေကြောင်းဆိုင်ရာ တရားမဝင်မှောင်ခိုလုပ်ငန်းများ၊ ဆိပ်ကမ်းများတွင် နိုင်ငံတကာရေယာဉ်များအား စစ်ဆေးကြပ်မတ်ခြင်း (Port State Control Inspections) စသည့် စစ်ရေးနှင့်မသက်ဆိုင်သော ရေကြောင်းလုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး တာဝန်များကိုလည်း ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း။**

ထို့ပြင် ရေကြောင်းသဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရာတွင် အဓိကတာဝန်ယူဆောင်ရွက်ရသည့် Key Actors များဖြစ်ပြီး အဏ္ဏဝါဂေဟစနစ်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် ပင်လယ်ပြင်ဆီယိုဖိတ်မှုနှင့် ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို တာဝန်ယူဖြေရှင်းဆောင်ရွက်ရမည့် အဖွဲ့အစည်းလည်းဖြစ်ကြောင်း။

ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် ယခုကဲ့သို့များပြားသည့် ရေကြောင်းဆိုင်ရာတာဝန်များကို ထမ်းဆောင်နိုင်ရေး နှစ်စဉ်တိုးချဲ့ဖွဲ့စည်းပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရေမိုင် ၁၃၀၀ ခန့်ရှိသည့် ကမ်းရိုးတန်း၊ ကျွန်းပေါင်း (၁၄၀၀)ရှိပြီး ရေပြင်နယ်နိမိတ်စတုရန်းရေမိုင် (၁၄၃၁၁၀ ဒသမ ၇၂)ရှိသည့် မိမိတို့နိုင်ငံအတွက် ကမ်းခြေစောင့်တပ်ဖွဲ့ကို ယခုထက်များစွာသောရေယာဉ်၊ လက်နက်ပစ္စည်းကိရိယာ၊ လူ့စွမ်းအားများကို တိုးချဲ့သွားရဦးမည်ဖြစ်ကြောင်း၊ ကမ်းခြေ







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင်ရေယာဉ်များဖြစ်သော ၄၈ မီတာအမြန်သွားကင်းလှည့်ရေယာဉ်များအား လှည့်လည်ကြည့်ရှုစဉ်။

# ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် နိုင်ငံတကာရေကြောင်းအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရာတွင် White Hull Diplomacy ကို ထိထိရောက်ရောက် ကျင့်သုံးလုပ်ဆောင်သွားရမည်ဖြစ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ် တည်ထောင်ခြင်း (၃) နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်နှင့် ရေကြောင်းဆိုင်ရာအကျိုးစီးပွားများနှင့် မြန်မာ့ပင်လယ်ကမ်းရိုးတန်းလုံခြုံရေးအား ကာကွယ်စောင့်ရှောက်ရန်အတွက် ၄၈ မီတာ အမြန်သွားကင်းလှည့်ရေယာဉ် (၄) စင်း တပ်တော်ဝင်ခြင်း အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**❖ နိုင်ငံတော်၏ ပင်လယ်ရေကြောင်းဆိုင်ရာ အမျိုးသားအကျိုးစီးပွားနှင့် အဏ္ဏဝါပတ်ဝန်းကျင်ဆိုင်ရာဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ပင်မကမ်းခြေကမ်းရိုးတန်းမှ သီးသန့်စီးပွားရေးဇုန်အထိ ရေပြင်၊ ဝေဟင်နှစ်ရပ်လုံးမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိသည့် အရည်အချင်းပြည့်ဝသော ကမ်းခြေစောင့်တပ်ဖွဲ့ဖြစ်လာရမည်ဟူသည့်မျှော်မှန်းချက်အမြင် ကျယ်ကျယ်ပြန့်ပြန့်ထားရှိပြီး တပ်ဖွဲ့ကိုတည်ဆောက် . . .**




အမြန်သွားကင်းလှည့်ရေယာဉ်များအား တပ်တော်ဝင်လုပ်ငန်းစဉ်များအစီအစဉ်အတိုင်း တပ်တော်ဝင်ခြင်းဆောင်ရွက်ကြစဉ်။

စောင့်တပ်ဖွဲ့သည် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ထိတွေ့ဆက်ဆံရသကဲ့သို့ ပင်လယ်ပြင်တွင်လည်း ပြည်တွင်း၊ ပြည်ပကကုန်သွယ်ရေယာဉ်များကို စစ်ဆေးကြပ်မတ်ရခြင်းဖြစ်သည့်အတွက် ရေကြောင်းဆိုင်ရာ ဥပဒေများ၊ နိုင်ငံတကာဥပဒေများ၊ IMO Regulation များ၊ မြန်မာနိုင်ငံက သဘောတူလက်မှတ်ရေးထိုးထားသည့် Convention များ၊ Treaty များကို ကောင်းမွန်စွာသိရှိနားလည်ပြီး မိမိနိုင်ငံအကျိုးစီးပွားအတွက် ထိထိရောက်ရောက် အသုံးချနိုင်ရမည်ဖြစ်သကဲ့သို့ အဆိုပါဥပဒေများနှင့်အညီ ကမ်းခြေစောင့်တပ်ဖွဲ့၏ တာဝန်များကို ထမ်းဆောင်နိုင်ရန်လည်း လိုအပ်ကြောင်း။

ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် အခုကဲ့သို့ နိုင်ငံတကာရေကြောင်း အဖွဲ့အစည်းများနှင့်

**စာမျက်နှာ ၁၅ သို့** ☆




တပ်တော်ဝင်ရေယာဉ်များဖြစ်သော ၄၈ မီတာ အမြန်သွားကင်းလှည့်ရေယာဉ်များကို တွေ့ရစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing attends third founding ceremony of Coast Guard Control Headquarters and launching ceremony of vessels





Senior General Min Aung Hlaing addresses the third founding ceremony of Coast Guard Control Headquarters and the launching ceremony of vessels.

NAY PYI TAW October 6

The third founding ceremony of the Coast Guard Control Headquarters of the Republic of Union of Myanmar and the launching ceremony of four 48-metre fast patrol boats to safeguard maritime interest and Myanmar coastal areas at No 3 jetty (Thilawa) this afternoon, addressed by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Present at the ceremony together with the Senior General were union level officials, senior military officers from the Office of the Commander-in-Chief, the Yangon command commander, Director General of the Coast Guard Control Headquarters Rear-Admiral Ko Ko Kyaw, commanders of the naval command headquarters, officers and other ranks of Tatmadaw (Navy) and Coast Guard Control HQ.

Rear-Admiral Ko Ko Kyaw reported on the points of the ships that would be commissioned into service.

Senior General Min Aung Hlaing accepted the commemorative gift of the ceremony, a replica of a boat, presented by SAC member Union Minister for Defence Admiral Tin Aung San.



Senior General Min Aung Hlaing takes the salute of Tatmadaw members on board a fast patrol boat.

In his speech, the Senior General said it is an auspicious day on which four new 48-metre fast patrol boats are commissioned into service as the reinforcements for Myanmar Coast Guard and a new force is added to the Tatmadaw and the Coast Guard.

It is also the third founding ceremony of the Coast Guard established on 6 October 2021.

The Myanmar Coast Guard must be further developed with the broader aim of setting up a capable force that can ensure safety of maritime national interest and maritime environment from the main coastal areas to special economic zone of Myanmar sea and aerial territory.

The Coast Guard must cooperate with regional countries and neighbours in providing rescue operations in the humanitarian assistance sector and emergency assistance at the sea, which are its designated tasks. It must also discharge non-military maritime security duties such as anti-maritime illicit trade, port state control inspections.

It is included in the key actors of maritime environment protection that respond and solve maritime oil leakage and sea contamination in protecting the maritime ecosystem.

The country could annually expand the Coast Guard for enabling it to serve such a large array of duties. The country has nearly 1,300 miles long coastline, 1,400 islands and 143,110.72 square miles of territorial sea. Hence, the Coast Guard must be reinforced with more boats, weapons, tools and human resources. It has to extend relations with international organizations and inspect local and foreign freight vessels. So, its members should have comprehensive knowledge about the maritime laws, IMO regulations,

See Page - 21►►

# Teams conducting 2024 population and housing census in Launglon and Tiddim townships obstructed and detained by terrorists through various methods

NAY PYI TAW October 6

To implement policies and plans aimed at the balanced development of the country's social, economic, and management sectors, the 2024 population and housing census has been conducted starting from October 1. This census is being carried out by census verification and collection teams across Nay Pyi Taw Council area, as well as regions and states.

In the census process, citizens have been actively participating by providing accurate and complete information. However, terrorists, out of malice, have been interfering with the census process using various tactics. For example, in Taninthayi Region's Launglon Township, in lower Yayphyu Village, Yayphyu Village-tract, school teachers from Gaw Inn Basic Education Post-primary School, Daw May Mi Moe (age 27), daughter of U Kyaw Lin, and Daw Ohn Mar Htun (age 48), daughter of U Aung Tun, and other teachers from Basic Education High School (Yayphyu), Daw Khin Aye Set (age 47), daughter of U Khin Lone, and Daw Yin Yin Soe (age 60), daughter of U Soe Myint, Daw Mya Aye (age 56), daughter of U Aung Kyin, and headmistress Daw Phyu Phyu Htwe (age 44), daughter of U Khin Than from Basic Education Primary School (Kadetngehtein), and Daw Thida (age 57), daughter of U Khin Than, a clerk from Yayphyu Village-tract administrator's office, were conducting census activities. They were later arrested by PDF terrorists in the afternoon while staying in their homes after completing the census work in Dawei Township.

Similarly, on October 4 in the afternoon, U Kam Lyan Htan (age 65), son of U Khot Sa Won, a local community leader from Tiddim Township in Chin State, was also arrested by terrorists while assisting with the census activities near his agricultural farm close to Lanzan Village.

The census work is critical as it provides essential social and economic data for the formulation of national development plans and policies. Due to its importance, the entire population is working together to ensure its successful completion, despite terrorists' efforts to disrupt it. Citizens have been united in condemning these disruptive acts, while security forces have been stepping up security measures to ensure the safety of those involved in the census. **100**

# More than 3,000 acres of vegetables thriving in Tamu District

TAMU October 6

Statistics of Tamu District Agricultur Department stated that a total of 3,335 acres of croplands have been placed under vegetable plantations in Tamu District of Sagaing Region this monsoon.

As local authorities set a plan to grow 3,318 acres of vegetables in monsoon of 2024-2025 financial year, local farmers started cultivation of vegetables on 3,335 acres of land, exceeding the target cultivation.

U Hla Myint, Head of Tamu District Agriculture Department clarified: "Local farmers have so farm planted 3,335 acres of vegetables exceeding the target of 3,318 acres in Tamu District this monsoon. They grow mustard, chilli, spicy, potato, cabbage, eggplant, reddish, and other crops. We urged local farmers to use good agriculture practices in growing crops. And, we raised farmer awareness to reducing chemical residue on vegetables."

This year, Myithit Township of Tamu District grew 879 acres of vegetables, Tamu Township 945 acres and Khampak 1,520 acres, totalling 3,335 acres.

This year., Myothit Township earmarked 873 acres of vegetables, Tamu Township 930 acres and Khampak 1,515 acres, totalling 3,318 acres.

This year, officials of relevant agriculture departments in Tamu District help local farmers produce healthy vegetables and expand sown acreage of crops.

Officials of the department educate local farmers to use systematic broadcasting of fertilizers, prevent pesticides and apply correct agricultural techniques.

**SMK**

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

# China's railways to see surge in return trips as holiday nears end



BEIJING October 6

China's railway operator is expecting a surge in return trips on Sunday as the week-long National Day holiday draws to a close.

On Sunday, 18.73 million train trips are expected, with more than 1,400 additional trains scheduled to meet the growing travel demand, according to the China State Railway Group Co., Ltd.

The operator said that the railway network is experiencing a peak in return travel, with a sharp rise in long-distance trips. For six consecutive days since the holiday rush began, daily passenger numbers have surpassed 17 million, reflecting the sustained high demand during this period.

As of 9 a.m. Sunday, 155 million tickets had been sold through China's official railway ticket-booking website, 12306.cn, and its mobile app, during the "golden week" travel period.

To accommodate the surge, railway authorities across the country have added extra trains on popular routes and boosted capacity to ensure smooth travel. Local stations have also enhanced services by optimizing entry and exit processes, ensuring safe and orderly returns of the passengers.

China's railway network is expected to handle 175 million passenger trips during the 10-day National Day holiday travel rush from September 29 to October 8.

**Xinhua**

# Israeli army strikes school, mosque in Gaza, continues attacks on Lebanese territory



MOSCOW October 6

The Israel Defence Forces (IDF) claimed a strike at the Ibn Rushd school and the Shuhada al-Aqsa mosque in the Gaza Strip town of Deir al Balah, where it said the command centers of Palestinian movement Hamas had been hosted.

"These command and control centers were used by Hamas terrorists to plan and execute terrorist attacks against IDF troops and the State of Israel," the army said on Telegram.

Before the strike, the Israeli foreces took necessary measures to mitigate the risk of harming civilians, including the use of precise munitions, aerial surveillance, and additional intelligence, the IDF added.

21 people were killed in an Israeli strike on a mosque housing displaced persons in the city of Deir al Balah in the central Gaza Strip, media reported.

Several people were also wounded after Israeli aircraft struck a mosque housing displaced persons near the gates of the Shuhada al-Aqsa hospital, the agency said.

**Sputnik**

# Thousands join pro-Palestinian protests in L.A. as one-year anniversary of conflict draws near




LOS ANGELES October 6

Roughly a thousand pro-Palestinian protestors packed Pershing Square in downtown Los Angeles on Saturday, their chants echoing through the streets as the first anniversary of October 7, 2023 approaches, a date marking the start of the ongoing Israeli-Palestinian conflict.

The demonstration, one of many across the United States, called for a just and lasting resolution to the Israeli-Palestinian conflict.

"We're here to bring awareness to the dire plight of Palestinians in areas occupied illegally by Israel," one protestor called Marta, who asked not to use her last name, told Xinhua. "The United States (should) stop using our tax dollars to assist Israel in conducting genocide against Palestinians in their own homeland."

Marta was among the many beating drums and plastic tubs, chanting, "Free, free, free Palestine!"

"We need to hold Israel accountable for war crimes," another protestor said angrily. "It's genocide, pure and simple."

"Resistance is justified when people are occupied," chanted Betha, a young protestor wearing a hijab.

Others waved handmade banners and hoisted dozens of Palestinian flags, while vibrant signs filled the crowd with messages reading "End the occupation now," "Stop U.S. aid to Apartheid Israel," and "Let Gaza Live!"

The recent series of pro-Palestinian protests on university campuses started in 2023 and spread rapidly across the United States and Europe over the past year, leading to thousands of arrests in the country and some temporary university closures, including Columbia University in New York City.

Recent polls indicated a shift in U.S. public opinion, with increasing support for Palestinian rights and criticism of Israeli policies. A May 2022 survey by the Pew Research Center found that 53 percent of Democrats and 43 percent of Independents now sympathize more with Palestinians than Israelis.

Protestors at the scene also cited the need to immediately halt Israeli settlement expansion in the West Bank and East Jerusalem, to protect Palestinians from Israeli military actions, settler violence, home displacements, and restrictions on movement, and to provide them with access to clean water, food, and medical care.

Israel launched a large-scale offensive against Hamas in the Gaza Strip to retaliate against a Hamas rampage through the southern Israeli border on October 7, 2023, during which about 1,200 people were killed and roughly 250 were taken hostage.

"How'd you feel if some other evicted you from your house because of your race or religion, so one of their guys could move in?" asked Steve K., a university student.

**Xinhua**

# Florida governor declares state of emergency in 35 counties amid approaching Storm Milton

MOSCOW October 6

A state of emergency has been declared in 35 counties of the US state of Florida amid concerns about Tropical Storm Milton potentially hitting Florida's west coast, governor Ron DeSantis said on Sunday.

"As Tropical Storm Milton continues to strengthen in the Gulf, I have issued EO [Executive Order] 24-214 ahead of potential landfall on Florida's west coast this week. This EO declares a state of emergency in 35 Florida counties," DeSantis wrote on X.

Currently, Milton is "moving slowly but expected to strengthen rapidly," NHC reported earlier in the day, saying that the risk of life-threatening impacts was increasing for Florida's west coast.

The meteorologists advised Florida residents to make a hurricane action plan, adding that heavy rains that could cause flooding might begin as early as Sunday.

**Sputnik**

►► From Page - 18

and conventions and treaties agreed by Myanmar and should effective apply them for national interest. It must serve its duties in accord with the said laws.

In dealing with international maritime organizations, the Coast Guard should effectively apply White Hull Diplomacy, which states that the Coast Guard, which uses white vessels, must extend peaceful relations through diplomatic means, provide humanitarian aid, and collectively launch maritime security operations.

The Coast Guard has to launch non-military missions such as search and rescue operations, protection of maritime environment, prevention of the danger of sea pirates to protect civilians and the public in the form of welfare troops.

As Coast Guard is a civilian-oriented troop that helps the people, it must help and save mariners, assist the functions of civilian port authorities, organizations, agencies; especially it must help the people in solving natural disaster problems, emergency situations, maritime issues and disputes. In doing so, it must closely deal with civilians and ensure the rule of law and safety of public lives. So it should be an organization skilled in public relations.

As its members are the persons who protect the maritime interest of the country and maritime resources, they must be dutiful in serving the assigned task in cooperation with international and local maritime organizations. In accord with the motto of Myanmar Coast Guard **"protect and defend our seas"**, it must develop itself into an institution that have the capacity to protect Myanmar seas and maritime resources and can stand shoulder to shoulder with the capable international counterparts.

Chief Supervisor of the Coast Guard Control HQ Captain Kyaw Kyaw Lin declared the commissioning of the four boats, and raised of the State Flag, Coast Guard Flag, and commissioning flag, rang the bell eight times in accord with the procedure.

The Senior General and party were conducted around the commissioned boats. The Senior General signed the visitor's book of the fast patrol boat.

The Senior General and party posed for documentary photo together with the guests.

They then looked around the compound of the Coast Guard Control HQ and looked into the requirements.

**100**



Senior General Min Aung Hlaing inspects the compound of the Coast Guard Control HQ.



Senior General Min Aung Hlaing inspects a commissioned fast patrol boat.



Photo shows the commissioned fast patrol vessels.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# CULTURE

## အမေရိကန်နှင့်ဂျပန်တို့အတွက် တိုက်ပွဲဝင်ပေးခဲ့သည့် တစ္ဆေသင်္ဘောကြီးကို ရေနက်ကြမ်းပြင်၌တွေ့ရှိ

USS Stewart ဆိုတာ ဒုတိယကမ္ဘာစစ်တုန်းက အမေရိကန်ဘက်ကနေသာမက ဂျပန်ဘက်ကနေလည်း တိုက်ပွဲဝင်ပေးခဲ့ဖူးတဲ့ ဖျက်သင်္ဘောကြီးတစ်စင်းပါ။ အရင်တုန်းက သူဟာ တိုက်ပွဲပေါင်းများစွာမှာ ပါဝင်ခဲ့ပေမယ့် အခုတော့ရေနက်ကြမ်းပြင်တစ်နေရာမှာ ငြိမ်သက်စွာလဲလျောင်းနေပါပြီ။

အစောပိုင်းတုန်းကတော့ သူတည်ရှိနေတဲ့နေရာကို ဘယ်သူမှမသိကြပါဘူး။ အခုမှသာ ရေအောက်စူးစမ်းလေ့လာသူများက နောက်ဆုံးပေါ်နည်းပညာများကို အသုံးပြုပြီး ရှာဖွေစူးစမ်းမှုကြောင့်သာ တစ္ဆေသင်္ဘောကြီးလို့နာမည်ပေးထားတဲ့ USS Stewart ရဲ့တည်နေရာကိုရှာဖွေနိုင်ခဲ့တာဖြစ်ပါတယ်။

ဒီလိုရှာဖွေမှုကိုတော့ Ocean Infinity ဆိုတဲ့ကုမ္ပဏီကဦးစီးလုပ်ဆောင်တာဖြစ်ပြီး ရေအောက်အာရုံခံကိရိယာများစွာ တပ်ဆင်ထားတဲ့ မောင်းသူမဲ့ရေအောက်သွားယာဉ်များကိုအသုံးပြုခဲ့တာပါ။ အခုလို ရှာဖွေတွေ့ရှိနိုင်ခြင်းကြောင့်လည်း သူတို့ရဲ့ ရေအောက်ရှာဖွေရေးသုံးကိရိယာတွေရဲ့ ခေတ်တစ်ခေတ်ကို ဆန်းသစ်လိုက်နိုင်ပါတယ်။

ဒါ့အပြင် USS Stewart ကိုမြင်ရတာက အကောင်းပကတိနီးပါးအတိုင်းရှိနေသေးတာဖြစ်တဲ့အတွက် သူတို့ရဲ့ရှာဖွေတွေ့ရှိမှုကနေ ၂၀ ရာစုအစောပိုင်းရေတပ်နည်းပညာကို စူးစမ်းဖော်ထုတ်နိုင်ဦးမှာဖြစ်ပါတယ်။ Ref: IE

K.H



-----

## ကမ္ဘာ့အရှည်ကြာဆုံး ရတနာရှာပုံတော် ၃၁ နှစ်အကြာမှအဆုံးသတ်နိုင်

လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ကျော်ကတည်းက စလို့ ရတနာမုဆိုးများဟာ စိန်ခေါ်မှုတစ်ခုကိုလက်ခံပြီး ရတနာတစ်ခုကို ရှာဖွေမှုလုပ်ခဲ့ပါတယ်။ အဲဒီရှာဖွေမှုမှာ သူတို့ရမယ့်ဆုလာဘ်က အလေးချိန် ၂၂ ပေါင်ရှိ ရွှေဇီးကွက်ပါ။

ရီဂျစ်ဟော်ဆာဆိုသူက ၁၉၉၃ ခုနှစ်မှာရွှေဇီးကွက်နဲ့တူတဲ့ အစားထိုးအရုပ်တစ်ရုပ်ကို ပြင်သစ်နိုင်ငံမှာဝှက်ပြီး အဲဒီအရုပ်ကိုရှာဖွေနိုင်ဖို့အတွက် သဲလွန်စ ၁၁ ခုပါတဲ့စာအုပ်တစ်အုပ်ထုတ်ခဲ့ပါတယ်။

၂၀၀၆ ခုနှစ်မှာ သူကွယ်လွန်သွားပြီးနောက် မီချယ်ဘက်ကာက ရတနာရှာပုံတော်ဖွင့်မှုကိုဦးစီးပြီး နောက်ထပ်သဲလွန်စတွေပေးခဲ့ပါတယ်။ ဒါပေမဲ့လည်း မကြာသေးခင်ကမှသာ အမည်မဖော်လိုသူရတနာမုဆိုးတစ်ဦးက ရွှေဇီးကွက်အရုပ်ကိုတွေ့ရှိသွားပြီဖြစ်ကြောင်း ဘက်ကာတို့ဘက်ကထုတ်ပြန်လာပါတယ်။ ဘယ်နေရာကနေတွေ့တာလဲဆိုတာကိုတော့ မဖော်ပြထားပါဘူး။

ဒါကြောင့် အခုလိုမျိုးရတနာရှာပုံတော်ဖွင့်တာဟာ ကမ္ဘာပေါ်မှာအချိန်ကာလအရှည်ကြာဆုံး ရှာပုံတော်ဖွင့်မှုဖြစ်လာပြီး ရွှေဇီးကွက်အရုပ်ကိုရှာတွေ့သူကလည်း ရွှေနဲ့ငွေအလေးချိန် ၂၂ ပေါင်ရှိတဲ့ အရုပ်အစစ်ကိုရရှိသွားပါပြီ။ Ref: IE

K.H



# AUTOMOBILE

## Peugeot က ယူရို ၄၃၉၀၀ ဖြင့်စတင်မည့် e-408 ကိုထုတ်ဖော်ပြသ




Peugeot ကုမ္ပဏီက အသွင်အပြင်ပိုင်းမှာလှပကြော့ရှင်းရုံသာမက စွမ်းဆောင်ရည်ပိုင်းမှာလည်း ကောင်းမွန်တဲ့ နောက်ဆုံးထုတ် လျှပ်စစ်စွမ်းအင်သုံးကား e-408 ကိုထုတ်ဖော်ပြသလိုက်ပါတယ်။ သူ့ရဲ့ဈေးနှုန်းကိုတော့ ယူရို ၄၃၉၀၀ နဲ့ စတင်မယ်လို့ ကြေညာထားပါတယ်။

Peugeot က သူတို့ရဲ့ e-408 မှာ ၅၈ ဒသမ ၂ ကီလိုဝပ်နာရီရှိတဲ့ ဘက်ထရီကို တပ်ဆင်ပေးထားတယ်လို့ဆိုပါတယ်။ ဒီစွမ်းအင်နဲ့ဆိုရင် ခရီးအကွာအဝေး ၄၅၃ ကီလိုမီတာအထိရောက်နိုင်ပါတယ်။

အသုံးပြုပေးထားတဲ့မော်တာကတော့ မြင်းကောင်ရေ ၂၁၇ ကောင်အားရှိတဲ့ မော်တာတစ်လုံးပါ။ သူ့ရဲ့အမြန်နှုန်းက ယခင်မော်တော်ကားမော်ဒယ်ဖြစ်တဲ့ e-308 ထက်ပိုမြန်တာကိုလည်း တွေ့ရပါတယ်။

အတွင်းပိုင်းမှာ Peugeot ရဲ့စံနှုန်းဖြစ်တဲ့ i-Cockpit နည်းပညာကိုအသုံးပြုပေးထားပါတယ်။ နောက်ဆုံးပေါ်ကားဖြစ်တဲ့အတွက် နောက်ဆုံးပေါ်နည်းပညာတွေအားလုံးပါဝင်တာကိုတွေ့ရပါတယ်။

လူထုကိုပထမဆုံးထုတ်ပြမယ့်အချိန်က အခုလကုန်ပိုင်းပါ။ ဈေးနှုန်းနှစ်မျိုးနဲ့ထွက်ပေါ်လာမှာဖြစ်ပြီး အဆင့်မြင့်ဂရိတ်အတွက် ယူရို ၄၅၉၀၀ ကျသင့်မယ်လို့ဆိုပါတယ်။

သွားနိုင်တဲ့ခရီးအကွာအဝေးနဲ့အမြန်နှုန်းမှာတော့ ပြိုင်ဘက်တွေနဲ့မယှဉ်သာနိုင်သော်လည်း ဒီဇိုင်းနဲ့အတွင်းပိုင်းမှာတော့ သာလွန်တာတွေ့ရမှာဖြစ်တယ်လို့ Peugeot ဘက်ကဆိုထားပါတယ်။ Ref: AE

K.H

-----

## Ford က ကားဝယ်သူများကို အိမ်သုံးအားသွင်းစက်များပေးမည်



Ford ကုမ္ပဏီက သူတို့ဆီကနေ Mustang Mach-E၊ F-150 Lightning ဒါမှမဟုတ် E-Transit တို့ကို ဝယ်ယူသူ၊ ငှားရမ်းသူတွေကို အိမ်သုံးအားသွင်းစက်တွေအခမဲ့ပေးသွားမယ်လို့ ထုတ်ပြန်လာပါတယ်။

အဲဒီအားသွင်းစက်တန်ဖိုးက အမေရိကန်ဒေါ်လာ ၁၃၁၀ ရှိပြီး အားသွင်းစက်အပြင် အိမ်တိုင်ရာရောက်အခမဲ့လိုက်လံတပ်ဆင်ပေးဦးမှာပါ။


ဒါ့အပြင် Ford ကပေးထားတဲ့ နောက်ထပ်ဝန်ဆောင်မှုတစ်ခုက ၂၄ နာရီပတ်လုံးအားသွင်းရေးနဲ့ပတ်သက်ပြီးကူညီပေးဖို့ဖြစ်ပါတယ်။ လမ်းမှာသွားလာနေရင်းနဲ့အားကုန်သွားတယ်ဆိုရင် Ford မှ ဝန်ထမ်းများရောက်လာပြီး အားသွင်းရုံရှိတဲ့ဆီခေါ်ဆောင်သွားပေးမယ့် ဝန်ဆောင်မှုပါ။

ဒီအစီအစဉ်ကိုလည်း Mustang Mach-E နဲ့ F-150 Lightning တို့ကိုဝယ်ယူထားသူတွေအတွက်သာ စီစဉ်ပေးထားတာဖြစ်တယ်လို့ Ford ကုမ္ပဏီရဲ့ထုတ်ပြန်ချက်မှာဖော်ပြထားပါတယ်။ Ref: AE

K.H

-----

## တက်စလာက လျှပ်စစ်ကားများအတွက် စတုတ္ထမျိုးဆက်ဘက်ထရီများဖန်တီးနေ



တက်စလာကုမ္ပဏီက သူတို့ရဲ့လျှပ်စစ်ကားများအတွက် အဓိကအခန်းကဏ္ဍကနေပါဝင်တဲ့ စတုတ္ထမျိုးဆက်ဘက်ထရီများကိုဖန်တီးထုတ်လုပ်နေပါတယ်။ အဓိကအားဖြင့် အနာဂတ်လိုအပ်ချက်တစ်ခုဖြစ်လာမယ့် Robotaxi များအတွက်ဖန်တီးနေတာပါ။

သူတို့ရဲ့မျှော်မှန်းချက်က စွမ်းဆောင်ရည်တိုးတက်မှုရှိသော၊ ကုန်ကျစရိတ်ကိုလျှော့ချနိုင်သော၊ အရေအတွက်အမြောက်အမြားထုတ်လုပ်မည်ဆိုလျှင် အဆင်ပြေလွယ်ကူစေသော ဘက်ထရီများကိုထုတ်လုပ်သွားဖို့ဖြစ်ပါတယ်။

၂၀၂၆ ခုနှစ်အရောက်မှာတော့ 4680 အမျိုးအစား ဘက်ထရီလေးမျိုးကို ထုတ်ဖော်ပြသဖို့ရည်မှန်းထားပြီး အဲဒီဘက်ထရီတွေက တက်စလာကိုဘက်ထရီလောကရှေ့ဆောင်ဖြစ်စေမယ်လို့ ထင်ကြေးပေးခန့်မှန်းထားကြပါတယ်။ Ref: IE

K.H

# ကမ္ဘာတစ်ဝန်းရှိမြို့ကြီးများ၌ ပါလက်စတိုင်းထောက်ခံသူများက အရှေ့အလယ်ပိုင်းစစ်ပွဲဆန့်ကျင်ရေးဆန္ဒပြ

**ပဲရစ်၊ နိုင်ငံရေး**

ကမ္ဘာတစ်ဝန်းရှိမြို့ကြီးများ၌ ပါလက်စတိုင်းထောက်ခံသူထောင်ပေါင်းများစွာက အရှေ့အလယ်ပိုင်းစစ်ပွဲဆန့်ကျင်ရေးဆန္ဒပြမှုများကို အောက်တိုဘာလ ၅ ရက်တွင်လုပ်ဆောင်ကြောင်းသိရသည်။

အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသအပေါ်တိုက်ခိုက်မှုများလုပ်ဆောင်သည့် တစ်နှစ်ပြည့်ခါနီးအချိန်တွင် သွေးမြေကျစေသော ဂါဇာစစ်ပွဲနှင့်အရှေ့အလယ်ပိုင်းစစ်ပွဲများကိုရပ်တန့်ရန် ဆန္ဒပြသူများက တောင်းဆိုသည်။

လန်ဒန်မြို့လယ်ကောင်မှာပင် ဆန္ဒပြသူအရေအတွက်မှာ ၄၀၀၀၀ ကျော်ရှိပြီး ပဲရစ်၊ ရောမ၊ မနီလာ၊ ကိပ်တောင်းနှင့်နယူးယောက်မြို့တို့တွင်ဆန္ဒပြသူ ထောင်ပေါင်းများစွာရှိသည်။

ထို့အတူ အမေရိကန်သမ္မတအိမ်တော်အနီး၌ ပါလက်စတိုင်းထောက်ခံသူများက ဆန္ဒပြမှုများလုပ်ဆောင်သည်။ ၎င်းတို့၏ တောင်းဆိုချက်မှာ ဂါဇာနှင့်လက်ဘနွန်တို့ကို တိုက်ခိုက်မှုများလုပ်ဆောင်နေသည့် အစ္စရေးအပေါ် စစ်ရေးအကူအညီများဆက်လက်ပေးအပ်နေမှုရပ်တန့်ရန်ဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသရှိဟားမက်အဖွဲ့က ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်တွင် အစ္စရေးနယ်စပ်သို့ဝင်ရောက်တိုက်ခိုက်ရာ ပြည်သူ ၁၂၀၀ ကျော်သေဆုံးပြီး ၂၅၀ ခန့်ဓားစာခံအဖြစ်အဖမ်းခံရမှုမှစ၍ အစ္စရေးက ဂါဇာဒေသအပေါ်နှင့် ဟားမက်အဖွဲ့နှင့်တစ်သဘောတည်းရှိသည့် လက်ဘနွန်ရှိ ဟစ်ဇဘိုလာတို့အပေါ် တိုက်ခိုက်မှုများလုပ်ဆောင်လာခြင်းကြောင့် သေဆုံးသူ ၄၅၀၀၀ နီးပါးရှိလာပြီဖြစ်ကြောင်း သိရသည်။

Ref: BP




# နယူးဇီလန်ရေတပ်သင်္ဘောတစ်စင်း သောင်စွယ်ကိုတိုက်မိပြီးနစ်မြုပ်

**ဝယ်လင်တန်၊ စစ်ရေး**

နယူးဇီလန်ရေတပ်မှ စစ်သင်္ဘောတစ်စင်းသည် တောင်ပိုင်းကမ်းရိုးတန်းအနီး၌ သောင်စွယ်တစ်ခုကိုဝင်တိုက်မိပြီးနောက် နစ်မြုပ်သွားကြောင်းသိရသည်။ ထိုသင်္ဘောမှခရီးသည်နှင့်အမှုထမ်း ၇၅ ဦးစလုံးကိုမူ အောက်တိုဘာလ ၆ ရက်နံနက်ပိုင်းတွင် ကယ်ဆယ်လိုက်နိုင်သည်။

HMNZS Manawanui အမည်ရှိသင်္ဘောသည် ကမ်းမှရေမိုင်တစ်မိုင်ခန့်အကွာ၌ ရေပုံတိုင်းတာရေးလုပ်ငန်းဆောင်ရွက်နေစဉ် စွမ်းအင်ပြတ်တောက်သွားပြီးသောင်စွယ်တစ်ခုကိုဝင်တိုက်မိကာ မီးလောင်နစ်မြုပ်သွားခြင်းဖြစ်ကြောင်း နယူးဇီလန်ရေတပ်ကထုတ်ပြန်ထားသည်။

သို့သော် ထိုသို့ဖြစ်ပွားရသည့်အဓိကအကြောင်းရင်းကိုမူ မသိရှိရသေးကြောင်းနှင့် ရေစီးကြမ်းမှု၊ လေပြင်းမှုနှင့်လှိုင်းတံပိုးထခြင်းတို့ကြောင့် များပြားလှသောစိန်ခေါ်မှုများကြားမှ ခရီးသည်နှင့်အမှုထမ်း ၇၅ ဦးစလုံးကိုကယ်ဆယ်လိုက်နိုင်ကြောင်း ရေတပ်ဗိုလ်ချုပ်ကြီး ဂရိုန်းအန်ဒဲကပြောသည်။

၂၀၀၃ ခုနှစ်တွင်တည်ဆောက်ပြီး တန်ချိန် ၅၇၄၁ တန်ရှိ အဆိုပါသင်္ဘောသည် နယူးဇီလန်ရေတပ်သို့ ၂၀၁၉ ခုနှစ်တွင် တပ်တော်ဝင်ခြင်းဖြစ်သည်။ ၎င်းကိုရေငုပ်ခြင်း၊ ဆယ်တင်ခြင်း၊ ရေပုံဆွဲခြင်း၊ ပေါက်ကွဲစေတတ်သောပစ္စည်းများကိုရှင်းလင်းခြင်း အစရှိသည့်လုပ်ငန်းများဆောင်ရွက်ရာ၌ အသုံးပြုလေ့ရှိကြောင်းသိရသည်။

Ref: Xinhua



# ကမ္ဘာ့နိုင်ငံများက အမေရိကန်ကိုပြက်ရယ်ပြုနေပြီဟု ထရမ့်ပြော

**ဘတ်တလာ၊ ပြည်တွင်းရေး**

ကမ္ဘာ့နိုင်ငံများက အမေရိကန်အပေါ်လေးစားမှုမရှိတော့ဘဲ ပြက်ရယ်ပြုနေပြီဖြစ်ကြောင်း သမ္မတရွေးကောက်ပွဲဝင်ကိုယ်စားလှယ်ဒေါ်နယ်ထရမ့်ကပြောသည်။

ဒေါ်နယ်ထရမ့်က ပန်ဆယ်ဗေးနီးယားပြည်နယ် ဘတ်တလာမြို့၌ အောက်တိုဘာလ ၅ ရက်တွင်လုပ်သည့် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးပွဲ၌ ယခုကဲ့သို့ပြောခြင်းဖြစ်သည်။

ထို့ပြင် ရီပတ်ဘလစ်ကန်ပါတီကိုယ်စားပြု ဒေါ်နယ်ထရမ့်က ၎င်းသာသမ္မတဖြစ်လျှင် စီးပွားရေးကိုတည့်မတ်ကာ အကြမ်းဖက်ရာဇဝတ်မှုများကိုတိုက်ဖျက်ပြီး နိုင်ငံတောင်ပိုင်းနယ်စပ်မှနေ၍ တရားမဝင်လူဝင်များကို ချေမှုန်းသွားမည်ဖြစ်ကြောင်း ကတိပြုထားသည်။

တက်စလာနှင့် SpaceX ကုမ္ပဏီတို့မှ အမှုဆောင်အရာရှိချုပ် အီလွန်မက်သည်လည်း ထရမ့်ကိုထောက်ခံကြောင်းပြသသည့်အနေဖြင့် ထရမ့်၏မဲဆွယ်စည်းရုံးပွဲ၌ စင်မြင့်ပေါ်သို့တက်ရောက်ဟစ်ကြွေးခဲ့ကြောင်းသိရသည်။

Ref: RT

## သတင်းတိုကဏ္ဍ

### တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယို ဖိလစ်ပိုင်နိုင်ငံသို့ချစ်ကြည်ရေးခရီးရောက်ရှိ

အရှေ့တောင်အာရှဒေသသို့ ခရီးထွက်လာသည့် တောင်ကိုရီးယားသမ္မတယွန်ဆက်ယိုသည် အောက်တိုဘာလ ၆ ရက်တွင် ပထမဆုံးခရီးစဉ်အဖြစ် ဖိလစ်ပိုင်နိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိလာကြောင်း သိရသည်။

ယွန်ဆက်ယိုနှင့်အဖွဲ့ဝင်များသည် မနီလာမြို့ရှိ ကိုရီးယားစစ်ပွဲအထိမ်းအမှတ်ခန်းမသို့သွားကာအလေးပြုပြီး ဖိလစ်ပိုင်နိုင်ငံရောက် ကိုရီးယားနိုင်ငံသားများနှင့် ဦးစွာတွေ့ဆုံသည်။

ဖိလစ်ပိုင်နိုင်ငံက ကိုရီးယားစစ်ပွဲကာလအတွင်း တောင်ကိုရီးယားသို့ စစ်သည် ၇၄၀၀ ခန့်ပို့ဆောင်ကူညီပေးခဲ့ဖူးသည်။ ထိုစစ်သည်များအနက် ၁၁၂ ဦးကျဆုံးပြီး ၂၉၉ ဦးဒဏ်ရာရသည်။

ထို့နောက် ယွန်ဆက်ယိုနှင့်အဖွဲ့ဝင်များသည် အောက်တိုဘာလ ၇ ရက်တွင် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ၏အစိုးရအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုများလုပ်မည်ဖြစ်သည်။ ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံကြားစီးပွားရေးနှင့်လုံခြုံရေးဆိုင်ရာပူးပေါင်းမှုများတိုးမြှင့်ရန်အဓိကထားဆွေးနွေးမည်ဖြစ်သည်။

Ref: Yonhap

### အစ္စရေးက ဂါဇာရှိဗလီတစ်ခုနှင့်ကျောင်းတစ်ကျောင်းကို ဗုံးကြဲတိုက်ခိုက် ၂၆ ဦးသေဆုံးပြီး ၉၃ ဦးဒဏ်ရာရ

အစ္စရေးက ဂါဇာကမ်းမြောင်ဒေသရှိ ဒုက္ခသည်များနေထိုင်ရာ ဗလီတစ်ခုနှင့် စာသင်ကျောင်းတစ်ကျောင်းတို့ကို အောက်တိုဘာလ ၆ ရက်တွင် လေကြောင်းမှဗုံးကြဲတိုက်ခိုက်မှုများလုပ်ဆောင်ရာ အနည်းဆုံးလူ ၂၆ ဦးသေဆုံးပြီး ၉၃ ဦးဒဏ်ရာရရှိကြောင်းသိရသည်။

အစ္စရေးစစ်ဘက်ကမူ ၎င်းတို့အနေဖြင့် အဆိုပါဗလီနှင့်စာသင်ကျောင်းအတွင်းမှနေ၍ ကွပ်ကဲမှုများဆောင်ရွက်နေသည့် ဟားမက်အကြမ်းဖက်သမားများအပေါ် တိကျသောတိုက်ခိုက်မှုများလုပ်ဆောင်ခြင်းသာဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

သို့သော်ဟားမက်အဖွဲ့က ၎င်းတို့အနေဖြင့် ဗလီများ၊ စာသင်ကျောင်းများနှင့် ဆေးရုံတို့ကဲ့သို့ အရပ်ဘက်အဆောက်အဦများကို ကွပ်ကဲမှုနေရာများအဖြစ် အသုံးချခြင်းမရှိကြောင်း ထုတ်ပြန်ထားသည်။

ထို့ပြင် အစ္စရေးတပ်ဖွဲ့များသည် ပြီးခဲ့သည့် ၄၈ နာရီအတွင်း ဂါဇာဒေသတစ်ဝန်းရှိ အိမ် ၂၇ လုံး၊ စာသင်ကျောင်းများနှင့် ဒုက္ခသည်စခန်းများကို တိုက်ခိုက်မှုများလုပ်ဆောင်ခဲ့ကြောင်း ဂါဇာအစိုးရအဖွဲ့က အောက်တိုဘာလ ၆ ရက်တွင်ထုတ်ပြန်ထားသည်။

Ref: RTA

### ဗီယက်နမ်က နှစ်နှစ်အတွင်း ပို့ကုန်နှင့်ရင်းနှီးမြှုပ်နှံမှု အမြင့်ဆုံးတိုးတက်မှုရရှိဟုဆို

ဗီယက်နမ်နိုင်ငံသည် နှစ်နှစ်အတွင်း ပို့ကုန်တင်ပို့မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင် အမြင့်ဆုံးသောတိုးတက်မှုရရှိခဲ့ကြောင်း တာဝန်ရှိသူများကထုတ်ပြန်ထားသည်။

အထူးသဖြင့် ယခုနှစ်တတိယသုံးလပတ်တွင် တိုးတက်မှုအများဆုံးဖြစ်ကာ မကြာသေးမီကတိုက်ခတ်သွားသောမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများကိုကာမိစေကြောင်း ထုတ်ပြန်ချက်၌ဖော်ပြထားသည်။

တတိယသုံးလပတ်အတွင်း ဂျီဒီပီတိုးတက်မှုမှာ ၇ ဒသမ ၄ ရာခိုင်နှုန်းရှိရာ ပြီးခဲ့သည့်ဒုတိယသုံးလပတ်ဂျီဒီပီတိုးတက်မှုကိုကျော်လွန်သွားသည်ဟု အထွေထွေစာရင်းအင်းရုံးကထုတ်ပြန်ထားသည်။

ဗီယက်နမ်နိုင်ငံသည် ဆမ်ဆောင်း အီလက်ထရွန်နစ်နှင့်အပ်ပဲ၏ထောက်ပံ့ရေးကုမ္ပဏီများဖြစ်သော ဖောက်စကွန်းနှင့် လက်ရှယ်ယာတို့ကဲ့သို့နိုင်ငံတကာကုမ္ပဏီကြီးများအတွက် အဓိကကုန်ထုတ်လုပ်မှုဒေသဖြစ်လာသည်။

ထို့ကြောင့် ပြီးခဲ့သည့်ကိုးလအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏသည် ယမန်နှစ်ကထက် ၈ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ကာ ဒေါ်လာ ၁၇ ဒသမ ၃ ဘီလီယံအထိ ရှိလာသည်။

Ref: RTA

### ဘတ်စတာဆေးဝါးစက်ရုံ ရေလွှမ်းမိုးခံရသောကြောင့် အမေရိကန်ရှိဆေးရုံများ၌ အကြောဆေးပြတ်လပ်မှုများဖြစ်ပေါ်

အမေရိကန်နိုင်ငံသို့ မကြာသေးမီက ဝင်ရောက်တိုက်ခတ်သွားသော မုန်တိုင်းဟယ်လင်ကြောင့် နိုင်ငံတစ်ဝန်းရှိဆေးရုံများ၌ အကြောဆေးပြတ်လပ်မှုများဖြစ်ပေါ်နေကြောင်းသိရသည်။

ဆေးရုံများသို့ အကြောဆေးအဓိကတင်သွင်းနေသော မြောက်ကယ်ရိုလိုင်းနားပြည်နယ်ရှိ ဘတ်စတာဆေးဝါးစက်ရုံသည် မုန်တိုင်းကြောင့်ရေလွှမ်းမိုးခံရသည့်အတွက် စက်ရုံကိုယခုအချိန်အထိပိတ်ထားရဆဲဖြစ်သည်။

ထို့အတူ စက်ရုံသို့သွားရာလမ်းတစ်လျှောက်ရှိတံတားများမှာလည်းပျက်စီးနေသောကြောင့် လမ်းပန်းဆက်သွယ်ရေးမကောင်းသည့်အတွက်အကြောဆေးပြတ်လပ်မှုအခြေအနေကို ပိုမိုဆိုးဝါးသွားစေခြင်းဖြစ်ကြောင်းသိရသည်။

Ref: Xinhua

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စု နယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထား သော ရေလှောင်တမံနှင့်ရေထိန်းတမံစုစု ပေါင်း ၁၂ ခုရှိရာ ယနေ့၌ ပေါင်းလောင်း ရေလှောင်တမံတွင် ၂ ဒသမ ၆၅ ပေ ကန်ရေ ပြည့်အမှတ်အထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့်နှိုင်းယှဉ် ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ သုည ဒသမ ၃၀ ပေ လျော့နည်းခြင်းဖြစ် သည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှု အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့် ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန် မရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ - ၆.၁၀.၂၀၂၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(၆ : ၀၀) နာရီ

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၆.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၂၉၁၈၅ | ၆၂၆.၀၈ | ၅၆၀၉၂၂ | ၁၈၀၅၂ (လျှပ်စစ်) ထုတ်ရေ) | - | - | ၂.၆၉ | ၁၁၂၂၂ | ၁.၀၈ | ၆၂၆.၃၄ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | - | ၆၂၆.၁၀ | ၂၇၃၅၁ | ၁၂၄ | ၈.၉၀ | ၉၁၄၉ | - | - | ၀.၅၀ | ၆၂၆.၂၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၄၄၆ | ၅၁၈.၉၀ | ၈၈၇၆၇ | ၂၇၁ | ၁.၁၀ | ၃၀၀၃ | - | - | ၀.၈၁ | ၅၁၈.၈၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၉၀ | ၁၀၆၅၉ | ၇ | ၂.၁၀ | ၁၅၉၈ | - | - | ၀.၀၆ | ၅၀၉.၉၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၉၇၂ | ၄၃၈.၂၀ | ၇၀၆၀၀ | ၃၁၅ | ၀.၈၀ | ၂၄၀၀ | - | - | ၀.၅၀ | ၄၃၈.၀၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၄ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၄၄ | ၇၈၃၇ | ၈ | ၁.၅၆ | ၈၈၁ | - | - | - | ၄၁၆.၄၇ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၄၈ | ၇၀၃.၁၀ | ၁၀၅၂၃၀ | - | ၆.၉၀ | ၃၇၈၆၀ | - | - | - | ၇၀၃.၁၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | ၁.၀၀ | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၁ | ၆၀၁.၉၀ | ၄၉၅ | ၃၉ | ၀.၁၀ | ၅ | - | - | ၀.၁၈ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၂၅ | ၈၆၄.၁၀ | ၁၀၄၇၈ | ၇၂ | ၅.၉၀ | ၄၁၂၂ | - | - | - | ၈၆၄.၂၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

# ပဲခူးမြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူနေမှုကို ကြည့်ရှုအားပေး

**ပဲခူး အောက်တိုဘာ ၆**

ပဲခူးမြို့နယ် သန်းခေါင်စာရင်းကောက် ယူရေးကော်မတီ၏ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူကြသည့် စာရင်းစစ်၊ စာရင်းကောက်များသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ ရှင်စောပု ရပ်ကွက် ရှင်စောပုဝန်ထမ်းအိမ်ရာ ကောက်ကွက်များတွင် စာရင်းများကောက် ယူကြရာ တိုင်း၊ ခရိုင်၊ မြို့နယ် သန်းခေါင် စာရင်းကောက်ယူရေးကော်မတီအတွင်း ရေးမှူးများနှင့်အဖွဲ့များက လိုက်လံကြည့်ရှု အားပေးခဲ့ကြသည်။

ပဲခူးမြို့နယ်အတွင်း၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၀၆ ခု၊ ကောက်ကွက် ပေါင်း ၈၇၄ ကောက်ကွက်ရှိရာ စာရင်းစစ်၊ စာရင်းကောက် ၃၃၆ ဦးတို့မှ အဖွဲ့ ၆၂ ဖွဲ့ ခွဲ၍ အောက်တိုဘာလ ၁ ရက်မှ စတင်ပြီး လိုက်လံကောက်ခံလျက်ရှိကြရာ ယနေ့ တွင် ပဲခူးမြို့ ရှင်စောပုရပ်ကွက် ရှင်စောပု ဝန်ထမ်းအိမ်ရာအတွင်းရှိ ကောက်ကွက်၌ ကွင်းဆင်းကောက်ခံကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းကောက်ခံရာသို့ ပဲခူး တိုင်းဒေသကြီး သန်းခေါင်စာရင်းကောက် ယူရေးကော်မတီအတွင်းရေးမှူး လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာန ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြား ရေးမှူး ဦးအောင်ဝင်းဦး ဦးဆောင်သည့် ပဲခူးခရိုင်နှင့်ပဲခူးမြို့နယ် သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီ အတွင်းရေးမှူး များပါဝင်သည့်အဖွဲ့များက လိုက်လံ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိ သည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

# AYA Bank Mandalar Futsal League 2024
# ပြိုင်ပွဲ အုပ်စုပွဲစဉ်များစတင်ကျင်းပ

**မန္တလေး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး သဲသောင်ပြင်နှင့် ဖူဆယ်ကော်မတီက ကြီးမှူးကျင်းပလျက် ရှိသည့် AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းရှိ ဘက်စုံသုံးအားကစားရုံ ၌ စတင်ကျင်းပခဲ့ကြောင်း သိရသည်။

AYA Bank Mandalar Futsal League 2024ပြိုင်ပွဲအုပ်စုပွဲစဉ်များအဖြစ်ယနေ့နံနက် ၈နာရီတွင် AKS အသင်းနှင့် Black Wolves အသင်းတို့ကစားခဲ့ရာ AKS အသင်းက ၄ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်တွင် Arr Man အသင်းနှင့် KH အသင်းတို့ကစားခဲ့ရာArr Man အသင်းက ၆ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် TG Unitedအသင်းနှင့် Pyae Sone အသင်းတို့ကစားခဲ့ရာ TG United အသင်းက ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃နာရီတွင် 135 Family အသင်းနှင့် MNN အသင်းတို့ကစားခဲ့ရာ135 Family အသင်းက ၂ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

AYA Bank Mandalar Futsal League 2024ပြိုင်ပွဲ အုပ်စုပွဲစဉ်(၂)အဖြစ် အောက်တို ဘာလ ၇ရက် နံနက် ၈နာရီတွင် AKS အသင်း နှင့် Mo Gyo အသင်း၊နံနက် ၉နာရီ ၄၅ မိနစ် တွင် KHအသင်းနှင့်BTBအသင်း၊ နံနက် ၁၁ နာရီခွဲတွင် TG United အသင်းနှင့်MNN အသင်း၊ မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် Arr Man အသင်းနှင့်135 Family အသင်း၊ ညနေ ၃နာရီတွင် Black Wolves အသင်းနှင့် Pyae Sone အသင်းတို့ ဆက်လက်ကစား သွားမည်ဖြစ်သည်။

AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့မှစတင်ပြီး နိုဝင်ဘာလ ၃ ရက်ထိ မန္တလာသီရိ အားကစားဝင်းအတွင်းရှိ ဘက်စုံသုံး အားကစားရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **စည်သူအောင်**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်



**ရန်ကုန် အောက်တိုဘာ ၆**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့်အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးသည် သက်ဆိုင်ရာနိုင်ငံသံရုံးများ၊ ဝန်ကြီးဌာနများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့်မြန်မာနိုင်ငံသူ မမေရီအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံး အနေဖြင့် ယူအေအီးနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာန၊ လူ့စွမ်းအားအရင်းအမြစ်နှင့် နိုင်ငံသားအကျိုးစီးပွားမြှင့်တင်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအလုပ်အကိုင်အေဂျင်စီရုံးတို့နှင့် ညှိနှိုင်းဆောင်ရွက်မှုဖြင့် ပြန်လည်ထွက်ခွာခွင့်လက်မှတ် (Out Pass) ရရှိခဲ့ပြီး မြန်မာနိုင်ငံသူ မမေရီသည် အောက်တိုဘာလ ၆ ရက်တွင် ဒူဘိုင်း-ရန်ကုန် ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ည ၁၀ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲ ကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိပြီး ယခုကဲ့သို့ အမိနိုင်ငံသားများအတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ဓာတ်ပုံ – ကနူး
ညီမ်းသူ(သတင်းစဉ်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “အမုန်း” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်နေ ဇော်လှိုင်မင်း(ခ)ချစ်ထူးအား နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံကိုယ်စားပြု ကြက်တောင်အားကစားသမားများ ပေါ်ထွန်းလာစေရေး ဖိတ်ခေါ်ကြက်တောင်ပြိုင်ပွဲ ကျင်းပရန်စီစဉ်

ရန်ကုန် အောက်တိုဘာ ၆

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး ကြက်တောင် ဆပ်ကော်မတီတို့ပူးပေါင်းကာ နိုင်ငံ ကိုယ်စားပြု ကြက်တောင်အားကစား သမားများ ပေါ်ထွန်းလာစေရေး ဖိတ်ခေါ် ကြက်တောင်ပြိုင်ပွဲ ကျင်းပရန်စီစဉ်ထား ကြောင်း သိရသည်။

အဆိုပါ ဖိတ်ခေါ်ကြက်တောင်ပြိုင်ပွဲကို အောက်တိုဘာလ ၁၆ ရက်မှ ၁၉ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့် မြို့နယ် အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပ မည်ဖြစ်သည်။

ပြိုင်ပွဲတွင် ဝါသနာရှင်တန်း အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ ဝါသနာရှင်တန်း အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ ဝါသနာရှင် တန်း အမျိုးသား၊ အမျိုးသမီးနှစ်ယောက် တွဲပြိုင်ပွဲများပါဝင်ပြီး တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နှင့် လက်ရွေးစင်အဆင့် ကစားသမားများကို ကစားခွင့်ပြုမည် မဟုတ်ကြောင်း၊ ၂၀၂၃ ခုနှစ် အမျိုးသား တံခွန်စိုက် ဝါသနာရှင်တန်းပြိုင်ပွဲတွင် ဆုရရှိဖူးသူများအချင်းချင်း တွဲဖက် ယှဉ်ပြိုင်ခွင့် ပြုမည်မဟုတ်ကြောင်းနှင့် လူသစ်တန်းပြိုင်ပွဲများတွင် ဆုရရှိဖူးသူ များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတ်မှတ်ထားသည်။

ပြိုင်ပွဲများကို ကမ္ဘာ့ကြက်တောင် အဖွဲ့ချုပ်မှ နောက်ဆုံးအတည်ပြုထုတ်ပြန် ထားသော ကြက်တောင်အားကစားနည်း ဥပဒေနှင့်အညီကျင်းပမည်ဖြစ်ပြီး ဆုကြေး အဖြစ် ပြိုင်ပွဲအားလုံးအတွက် ပထမဆု ငွေကျပ် ခြောက်သိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်းနှင့် တတိယဆု နှစ်ဆုအတွက် တစ်ဆုလျှင် ငွေကျပ် တစ်သိန်းခွဲစီချီးမြှင့် မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် လိုသူများအနေဖြင့် ဒေါ်မြတ်မြတ်နိုး ဖုန်း-၀၉-၇၉၄၅၁၅၈၄၉ သို့ဆက်သွယ်၍ အောက်တိုဘာလ ၁၃ ရက် နောက်ဆုံး ထား စာရင်းပေးသွင်းကြရမည်ဖြစ် ကြောင်း၊ အဆိုပါပြိုင်ပွဲကို ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ လူငယ်ကြက်တောင် အားကစားသမားများ ချစ်ကြည်ရင်းနှီး မှုရရှိစေရန်၊ မျိုးဆက်သစ် အားကစား မောင်/မယ်များပေါ်ထွက်လာစေရန် ကျင်းပ ခြင်းဖြစ်ကြောင်း သိရသည်။ **ဝန်းရံခ**

# (၁၆) ကြိမ်မြောက် မြန်မာနိုင်ငံ၏အကြီးဆုံးအိမ်ခြံမြေနှင့် ကားအရောင်းပြပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၆

iMyanmarHouse နှင့် CARSDB တို့ ကြီးမှူးကျင်းပသည့် (၁၆) ကြိမ်မြောက် မြန်မာနိုင်ငံ၏ အကြီးဆုံးအိမ်ခြံမြေနှင့် ကားအရောင်းပြပွဲကို အောက်တိုဘာလ ၅ ရက်က ရန်ကုန်မြို့ ပြည်လမ်းရှိ LOTTE Hotel ၌ကျင်းပရာ iMyanmarHouse နှင့် CARSDB မှ တာဝန်ရှိသူများက ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြသည်။



အဆိုပါပြပွဲတွင် နာမည်ကြီး ဆောက်လုပ်ရေးကုမ္ပဏီပေါင်းများစွာမှ ဆောက်လုပ်ပြီး၊ ဆောက်လုပ်ဆဲတိုက်ခန်း၊ ကွန်ဒိုနှင့် Luxury ကွန်ဒိုများ၊ မြေကွက် သီးသန့်ဝယ်လိုသူများအတွက် ခိုင်မာ သော မြေကွက်များ၊ လုံးချင်းအိမ်များ၊ မြန်မာနိုင်ငံတစ်ဝန်းရှိ အိမ်ခြံမြေများနှင့် တန်ဖိုးသင့်တိုက်ခန်းများအပြင် နာမည် ကြီး ကား Brand ပေါင်းများစွာနှင့် Show-room များမှ ကားအမျိုးအစားများစွာကို စိတ်ကြိုက်ရွေးချယ် ဝယ်ယူနိုင်ရန်စီစဉ် ထားသည်။

ယင်းပြပွဲ၌ အိမ်ခြံမြေနှင့်ကားများ ကို အတိုးမဲ့အရစ်ကျစနစ်များ၊ အထူး လျှော့ဈေးနှုန်းများ၊ ဘဏ်ချေးငွေများ၊ အကောင်းဆုံးငွေချေစနစ်များ၊ နှစ်ရှည် အရစ်ကျစနစ်များ၊ ခိုင်မာမှုရှိသည့် စာချုပ် စာတမ်းများနှင့် စိတ်ချစွာဝယ်ယူနိုင်မည် ဖြစ်ပြီး မြန်မာနိုင်ငံသားတိုင်း အိမ်ရော ကားပါ ပိုင်ဆိုင်နိုင်ကြစေရန်ရည်ရွယ် ရောင်းချပေးခြင်းဖြစ်သည်။

အဆိုပါပြပွဲတွင် ကုမ္ပဏီပေါင်း ၃၀ ကျော်မှ အိမ်ခြံမြေနှင့်ကားများကို အောက် တိုဘာလ ၅ ရက်နှင့် ၆ ရက်တို့တွင် ပြသ ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။ **လင်းခန့်**

# ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးပေး

ပင်လောင်း အောက်တိုဘာ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ လုပ်ကွက်ငယ်တောင်သူ များ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစား စီးပွားရေးလုပ်ငန်းလုပ်ကိုင် သူများအတွက် လိုအပ်သောငွေကြေး အရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေကို ပထမအကြိမ်အဖြစ် အောက် တိုဘာလ ၆ ရက်တွင် ပင်လောင်းမြို့ ပေါ့အင်ကျေးရွာအုပ်စု မြင်းမထိ (တောင်) ကျေးရွာ၌ ထုတ်ချေးပေးကြောင်း သိရ သည်။

ရှေးဦးစွာ ပင်လောင်းမြို့နယ် ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းက စီမံကိန်းရန်ပုံ ငွေများ ထုတ်ချေးပေးရခြင်း၏ရည်ရွယ် ချက်များကို ရှင်းလင်းပြောကြားပြီး စီမံ ကိန်းတာဝန်ခံက စီမံကိန်းအကြောင်း အရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ် ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက် များကိုရှင်းလင်းပြောကြားကာ ကျေးရွာ မတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ် သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ကျေး ရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ ဝင်များက မြင်းမထိ(တောင်) ကျေးရွာရှိ အသင်းသား၊ အသင်းသူ ၅၀ ဦးကို စိုက်ပျိုး ရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နိုင် ရန်အတွက် လိုအပ်သည့်ငွေကြေးအရင်း အနှီးများရရှိစေရန် ကျေးရွာမတည်ရန်ပုံ ငွေစီမံကိန်း ငွေကျပ် ၁၉ ဒသမ ၈၅ သန်း ကို ပထမအကြိမ်အဖြစ် အတိုးနှုန်း သက်သာစွာထုတ်ချေးပေးကြောင်း သိရ သည်။ **မောင်ခိုင်**

# အင်းတိန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်ထားရှိမှု အခြေအနေ ကွင်းဆင်းကြည့်ရှု

ညောင်ရွှေ အောက်တိုဘာ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလော ခရိုင် ညောင်ရွှေမြို့နယ် အင်းတိန်ကျေးရွာ ၌ မိုးသည်းထန်စွာရွာသွန်းပြီး အခြေခံ ပညာ အထက်တန်းကျောင်းအတွင်းသို့ ရေဝင်ရောက်ခဲ့သောကြောင့် ကျောင်းကို ယာယီပိတ်ထားခဲ့ရာမှ အောက်တိုဘာလ ၅ ရက်က ပြန်လည်ဖွင့်လှစ်နေပြီဖြစ်၍ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြကြောင်း သိရသည်။


ယင်းအခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်သင်ကြားနေမှုအခြေအနေများကို ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်၊ ညောင်ရွှေမြို့နယ် စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမင်းဦးတို့ သွားရောက် ကြည့်ရှုကြပြီး လိုအပ်သည်များ ပံ့ပိုး ဆောင်ရွက်ပေးသည်။

အဆိုပါရေဝင်ရောက်ခဲ့သည့် အခြေခံ ပညာအထက်တန်းကျောင်း အမြန်ဆုံး ဖွင့်လှစ်နိုင်ရေးအတွက် ရှမ်းပြည်နယ် ဝန်ကြီးချုပ်၏ကြီးကြပ်မှုဖြင့် ခရိုင်/မြို့ နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များဦးဆောင်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်းကာ စုပေါင်း အင်အားဖြင့် ရွှံ့ညွှန်အမှိုက်များ ဆယ်ယူ ခြင်း၊ စာသင်ခန်းများ၊ စာသင်ခုံများ၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးများ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ရေကြီးမှုဒဏ်ခံခဲ့ရသော အင်းတိန်ကျေးရွာအား အမြန်ဆုံးပြန် လည်ထူထောင်နိုင်ရေးအတွက် ရှမ်းပြည် နယ် အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များက ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိသည်။

ညောင်ရွှေမြို့နယ် အင်းတိန်ကျေးရွာ ၌ မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျ ရေစီးဆင်းမှုကြောင့် စက်တင်ဘာလ ၁၀ ရက်မှ ၁၂ ရက်အထိ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး နေအိမ်တချို့နှင့်ဈေးများ ပျက်စီးခြင်း၊ ဘာသာရေးအဆောက်အအုံ တချို့ပျက်စီးခြင်း၊ လမ်းတံတားတချို့ ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ကြောင်း သိရ သည်။ **မြို့နယ်(ပြန်/ဆက်)**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မချမ်းဘော | (၂.၈၇)လက်မ |
| ပျဉ်းမနား(ဝဲကြီး) | (၂.၃၆)လက်မ |
| နန်းယွန်း | (၂.၂၆)လက်မ |
| ခန္တီး | (၁.၇၃)လက်မ |
| ကလေး | (၁.၇၃)လက်မ |
| လဟယ် | (၁.၅၄)လက်မ |
| နေပြည်တော် (ဇေယျာသီရိ) | (၁.၄၅)လက်မ |
| ပူတာအို | (၁.၄၂)လက်မ |
| စစ်တွေ | (၁.၄၂)လက်မ |
| မြိတ် | (၁.၄၂)လက်မ |
| မော်လမြိုင်ကျွန်း | (၁.၂၆)လက်မ |
| ကြာအင်းဆိပ်ကြီး | (၁.၁၈)လက်မ |
| ကျုံပျော် | (၁.၀၂)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၁ | ၂၇ |
| ရှမ်း(မြောက်) | ၁၈ | ၂၆ |
| ရှမ်း(အရှေ့) | ၂၁ | ၂၉ |
| ရှမ်း(တောင်) | ၁၈ | ၂၉ |
| ချင်း | ၁၄ | ၃၄ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၂ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၄ |
| နေပြည်တော် | ၂၅ | ၃၄ |
| မန္တလေး | ၂၆ | ၃၄ |
| မကွေး | ၂၄ | ၃၃ |
| ရခိုင် | ၂၃ | ၃၃ |
| ပဲခူး | ၂၃ | ၃၃ |
| ရန်ကုန် | ၂၄ | ၃၃ |
| ဧရာဝတီ | ၂၄ | ၃၄ |
| ကယား | ၂၁ | ၃၀ |
| ကရင် | ၂၄ | ၃၄ |
| မွန် | ၂၄ | ၃၅ |
| တနင်္သာရီ | ၂၃ | ၃၅ |

○ ကျောဖုံးမှအဆက်

ရွှံ့ရည်ပူများသည် အမြင့်ပေ ၁၀ ပေခန့်အထိ လွင့်စဉ်ပေါက်ထွက်ခဲ့ပြီး ရွှံ့မီးတောင်၏ဘေးပတ်လည် ၃၀၀ ပေခန့် ရွှံ့ချော်ရည်များ ဖုံးလွှမ်းခဲ့သည်။ အဆိုပါ မီးတောင်ပေါက်ကွဲမှုကြောင့် လူ၊ တိရစ္ဆာန်နှင့် လယ်ယာမြေစိုက်ခင်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရှိရသည်။

ရမ်းဗြဲကျွန်း၊ ကျောက်ဖြူမြို့နယ်၊ စိုင်ခြုံကျေးရွာအနီးတွင်ဝက်အင်းနဂါးရွှံ့မီးတောင်အုပ်စု၊ ပန်းရှည်နဂါးရွှံ့မီးတောင်အုပ်စုနှင့် သပြေတောနဂါးရွှံ့မီးတောင်အုပ်စု ၃ ခု ရှိပြီး ပန်းရှည်နဂါးရွှံ့မီးတောင်အုပ်စုနှင့် ဝက်အင်းနဂါးရွှံ့မီးတောင်အုပ်စုတို့မှာ အများဆုံးပေါက်ကွဲလေ့ရှိကြောင်း၊ ရွှံ့မီးတောင်များ၏အမြင့်များမှာ ပင်လယ်ရေမျက်နှာပြင်အထက် ၅၀ မီတာမှ ၆၀ မီတာခန့်အထိရှိကြောင်း၊ရွှံ့မီးတောင်သည် မီးတောင်ပေါက်ကွဲရန် ပံ့ပိုးပေးသည့် ကုန်းမြေထုလှုပ်ရှားမှုနှင့် မြေအောက်ဓာတ်ငွေ့များစုစည်းကာ ပေါက်ကွဲထွက်လာမှုတို့ကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်းနှင့် ယခုပေါက်ကွဲခဲ့သည့် ဝက်အင်းနဂါးရွှံ့မီးတောင်သည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် နောက်ဆုံးအကြိမ် ပေါက်ကွဲခဲ့ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ (၆)ကြိမ် ပေါက်ကွဲခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# လောင်းလုံးမြို့နယ်နှင့် တီးတိန်မြို့နယ်တို့မှ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေသည့် အဖွဲ့ဝင်များအား အကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တား၊ ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် အောက်တိုဘာ ၆**

နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာလ ၁ ရက်နေ့မှစ၍ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စာရင်းစစ်/စာရင်းကောက်အဖွဲ့များဖြင့် စတင်ကောက်ယူလျက်ရှိသည်။

ထိုသို့ကောက်ယူရာတွင် ပြည်သူများအနေဖြင့် ပြည့်စုံမှန်ကန်စွာပြောကြားခြင်းဖြင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်များအပေါ် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများအပေါ် မနာလို၊ မရှုဆိတ်ဖြင့် အကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံအသုံးပြု၍ နှောင့်ယှက်ဟန့်တားမှုများ လုပ်ဆောင်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ရေဖြူကျေးရွာအုပ်စု၊ အောက်ရေဖြူကျေးရွာနေထိုင်ကြသော ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် စာရင်းစစ်၊ စာရင်းကောက်များအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် အခြေခံပညာမူလတန်းလွန်ကျောင်း (ဂေါ့အင်း)မှ ကျောင်းဆရာမများဖြစ်သော ဒေါ်မေမီမိုး(ဇနီး) ဦးကျော်လင်း အသက်(၂၇)နှစ်နှင့် ဒေါ်ဥမ္မာထွန်း(ဇနီး) ဦးအောင်ထွန်း အသက်(၄၈)နှစ်၊ အခြေခံပညာအထက်တန်းကျောင်း(ရေဖြူ)မှ ကျောင်းဆရာမများဖြစ်သည့် ဒေါ်ခင်အေးဆက်(ဇနီး)ဦးခင်လှိုင် အသက်(၄၇) နှစ်၊ ဒေါ်ရင်ရင်စိုး(ဇနီး) ဦးစိုးမြင့် အသက်(၆၀)နှစ်၊ ဒေါ်မြအေး(ဇနီး) ဦးအောင်ကျော် အသက်(၅၆) နှစ်၊ အခြေခံပညာမူလတန်းကျောင်း (ကဒက်ငယ်ထိန်)မှ ကျောင်းအုပ်ဆရာမဖြစ်သူ ဒေါ်ဖြူဖြူထွေး(ဇနီး)ဦးခင်သန်း အသက် (၄၄)နှစ်၊ ရေဖြူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး စာရေးမဖြစ်သူ ဒေါ်သီတာ(ဇနီး)ဦးခင်သန်း အသက်(၅၇) နှစ်တို့သည် ထားဝယ်မြို့နယ်တွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများဆောင်ရွက်ပြီး မိမိနေအိမ်များသို့ ပြန်လည်နေထိုင်နေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ၎င်းတို့ ၇ ဦးအား ယနေ့ညနေပိုင်းတွင် လာရောက်ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

အလားတူ အောက်တိုဘာလ ၄ ရက် မွန်းလွဲပိုင်းတွင် ချင်းပြည်နယ်၊ တီးတိန်မြို့နယ်မှ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည့် မြို့မိမြို့ဖဖြစ်သူ ဦးကမ်လျန်ထန်(ဇနီး)ဦးခုပ်ဆဝုန် အသက်(၆၅)နှစ်သည် သန်းခေါင်စာရင်းကောက်ယူရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ၎င်းနေထိုင်သည့် လမ်းဇန်ကျေးရွာအနီးရှိ စိုက်ပျိုးမွေးမြူရေးခြံသို့ သွားရောက်စဉ် အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် မူဝါဒများချမှတ်ရန် အရေးကြီးသည့် လူမှုစီးပွားဆိုင်ရာအချက်အလက်များရရှိနိုင်မည့် တစ်ခုတည်းသော စီမံကိန်းလုပ်ငန်းဖြစ်ခြင်းကြောင့်အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သမားများက ယခုကဲ့သို့ သန်းခေါင်စာရင်း ကောက်ယူနေသည့် အဖွဲ့များအား နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တားမှုများအပေါ် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

## ထူးခြားသည့် နေ့အပူချိန်များ

၆-၁၀-၂၀၂၄

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| စစ်ကိုင်း | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် | အမ်း | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | နေပြည်တော် | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက | (ဇေယျာသီရိမြို့နယ်) | | | | |
| တံတားဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | ချောက် | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| (လေကြောင်းမိုးလေဝသ) | | | | | ကျောက်ဆည်(လွန်ကျော်) | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် | တပ်ကုန်း | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | ပဲခူး | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |




**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့သစ်လုပ်ငန်း**
**ဒီဇယ်ဆီအိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ မြန်မာ့သစ်လုပ်ငန်းတွင် သုံးစွဲရန်လိုအပ်သော ဒီဇယ်ဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender)ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ ဝယ်ယူမည့်ဂါလန်အရေအတွက်နှင့် ပေးပို့ရမည့်နေရာအသေးစိတ်အား ရောင်းချမည့် တင်ဒါပုံစံတွင် ဖော်ပြထားပါသည်။
၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း(ရုံးခွဲ)၊ ရွှေတိဂုံဘုရားလမ်း၊ အင်ဂျင်နီယာဌာနသို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါရောင်းချမည့်ရက် - ၇-၁၀-၂၀၂၄/နံနက် ၁၀:၀၀ နာရီ
တင်ဒါပိတ်မည့်ရက် - ၂၂-၁၀-၂၀၂၄/နေ့လယ် ၁၅:၀၀ နာရီ
တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
အမှတ်-၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၈၂၅၄၁၉၁၊ ၀၉-၅၀၉၅၄၅၆၊ ၀၉-၅၁၄၄၉၈၀

**ပျောက်ဆုံးကြောင်း**
မြစ်ကြီးနားမြို့နယ်၊ မိုးကောင်းမြို့၊ ရွာသစ်ရပ်ကွက်နေ မြင့်မြတ်စိုး(ဘ)ဦးသန်းဖေ ၁/မကတ(နိုင်)၁၂၈၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၇၈၄၉၅

**ပျောက်ဆုံးကြောင်း**
ချမ်းမြေ့အောင်(ဘ)ဦးကြည်အေး ၈/ခမန(နိုင်)၁၉၅၁၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဟိန်းဖြိုးအောင်(ဘ)ဦးနိုင်ဝင်း ၁၃/နခတ(နိုင်)၁၁၁၁၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သိန်းထိုက်စံ(ဘ)ဦးသိန်းမြင့် ၈/ဆဖန(နိုင်)၁၂၀၉၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သောင်းထိုက်(ဘ)ဦးမာစိန် ၉/ကပတ(နိုင်)၁၇၉၂၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 761189)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၉၉၀၁၄၆၉

**ပျောက်ဆုံးကြောင်း**
ချန်းကွန်း(ဘ)ဦးမျှင်စီ ၁၂/ဥကမ(နိုင်)၀၀၇၀၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(192762)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၃၂၀၅၈၁

**ပျောက်ဆုံးကြောင်း**
နန်းပေါင်း(ဘ)ဦးလုံးလွယ်ရီ ၁၃/တယန(နိုင်)၀၅၉၈၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 832285)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဆိုင်းထွယ်အောင်(ဘ)ဦးမုရ်ဒရ် ၁/ကမန(နိုင်)၀၄၉၉၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နှင်းသန္တာဦး(ဘ)ဦးခင်ဦး ၁၂/ဥကတ(နိုင်)၁၈၆၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အိဇင်ဖြိုး(ဘ)ဦးခင်မောင်မွေး ၉/တကန(နိုင်)၂၅၆၂၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စအေးဟန်(ဘ)ဦးဖုန်းဆင့် ၁၄/ကပန(နိုင်)၁၁၅၅၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(415077)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**စာပေမြင့်မှ လူမျိုးတင့်မည်**

## မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း




**အရည်အသွေးမှန်၊ အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်**

ရန်ကုန်၊ ကျောက်တံခါး၊ ပဲခူး၊ ပဲနွယ်ကုန်း၊ ဖြူး၊ နေပြည်တော်၊ သာစည်၊ ကျောက်ဆည်၊ မန္တလေး၊ ကျောက်မဲ၊ ပြင်ဦးလွင်၊ ပခုက္ကူ၊ အောင်လံ၊ ပြည်၊ ဝါးဇီတို့တွင် လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။

ဖုန်း။ ၀၅-၀၁-၅၃၆၅၅၇၊ ၅၃၀၁၂၈၊ ၅၃၀၁၂၉

## မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED



**Services**

- Current Deposit Account
- Savings Deposit Account
- Fixed Deposit Account
- Call Deposit Account
- Scholarship Funding Services
- Loans , Overdraft and Hire Purchase System
- Gift Cheque Services and Payment Order Services
- Safe Deposit Locker
- ATM / POS Services
- Mobile Banking Services and i Banking Services
- Foreign Banking Services

မိတ်ဆွေရင်းချာ မြဝတီ




UnionPay MPU

Phone No: (01) 2301367, 2301368, 2301452, 2301378




နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

## ရွှေဖီဦး

ရွှေဖီဦး BLACK TEA (နှောင်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

**အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။**

STARMART nine mile - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅



# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ အင်ဂျင်နီယာသင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)**ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့် ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ၊** သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၅-၁၀-၂၀၂၄** ရက်နေ့မှစတင်၍ **၂-၁-၂၀၂၅** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီး/ မြို့နယ် ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်း အတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှ ၆ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များ မှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-**၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-**၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။


(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့် တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့် အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့် ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့် အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# တရားမဝင် သစ်မျိုးစုံ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များဖမ်းဆီးရမိ



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။


မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် အောက်တိုဘာ ၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၄ ရက်**တွင် ရွာသာကြီး Dry Port ၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး၊ လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း၊ **အောက်တိုဘာလ ၆ ရက်**တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၆၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **အောက်တိုဘာလ ၅ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့၊ ခြောက်တခင်းရွာ၊ ဘုရင့်နောင်လမ်းမကြီး Ready Home Co.,Ltd ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၈၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံ ခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ဗန်းမောက်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ဆိုင်ကယ်အပိုပစ္စည်း (၂၆)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၆)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၃၂၆၀၃၇)**နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)** ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ ကလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၆)မျိုး၊ လူသုံးကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၆၀၇၂၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၄၉၃၃၂၉၇)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **အောက်တိုဘာလ ၅ ရက်နှင့် ၆ ရက်**တို့တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် (၉ ဒသမ ०၇၂)တန်၊ သစ်မာ(၅ ဒသမ ၃၉၀)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၈၄၆၉၂) ကို** ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **အောက်တိုဘာလ ၆ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ အောက်တိုဘာလ ၄ ရက်၊ ၅ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှု**စုစုပေါင်းမှာ အမှုတွဲ (၁၃)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၈၅၉၇၉၈၉)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**


# မဟာအောင်မြေမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့တွင် ငွေကျပ် ၂၂၄၂ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၆

မဟာအောင်မြေမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့တွင် ငွေကျပ် ၂၂၄၂ သိန်းတန်ဖိုးရှိစိတ်ပြောင်းဆေးဝါးများဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာလ ၂ ရက်ည ၈ နာရီတွင်မဟာအောင်မြေမြို့နယ် စကြာနွယ်စဉ်ရပ်ကွက်၊ ၃၈ လမ်း ၇၄ x ၇၅ လမ်းတွင်ကောင်းထက်စံ မောင်းနှင်ပြီးရဲရင့်လိုက်ပါလာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water သုည ဒသမ ၀၂၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၈ နာရီတွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၆၆ x ၄၁ လမ်းတွင် စိုင်းနော်ခမ်း(ခ)နော်ခမ်းအား စိတ်ပြောင်းဆေးဝါး Happy Water သုည ဒသမ ၀၃၅ ကီလိုနှင့်လည်းကောင်း၊ အောက်တိုဘာလ ၃ ရက် ည ၈ နာရီတွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ၆၂ လမ်း၊ ၄၃ လမ်းထောင့်ရှိ ရဲရင့်၏အခန်းအား ဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water သုည ဒသမ ၀၂၈ ကီလိုအား လည်းကောင်း၊ ည ၈ နာရီတွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အရှေ့ ရပ်ကွက် ၆၆ လမ်း ၃၀ x ၃၁ ကြားတွင် သက်ပိုင်ဇော်အား စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အက်တက်စီဆေးပြား ၅၀၊ ကက်တမင်း သုည ဒသမ ၀၄၅ ကီလိုနှင့် လည်းကောင်း၊ အောက်တိုဘာလ ၅ ရက် နံနက် ၂ နာရီခွဲတွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက် ၆၆ လမ်း ၃၀ x ၃၁ ကြားရှိ သက်ပိုင်ဇော်၏နေအိမ်မှ စိတ်ပြောင်းဆေးဝါး ကက်တမင်း ၅ ဒသမ ၂ ကီလိုအားလည်းကောင်း၊ နံနက် ၂ နာရီခွဲ တွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဖွယ်အရှေ့ရပ်ကွက် ၆၆ လမ်း ၃၀ x ၃၁ ကြားရှိရဲရင့်ဝင်း၏နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါးအက်တက်စီဆေးပြားခြောက်ပြားကိုလည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် နံနက် ၁၁ နာရီတွင် ရပ်စောက်မြို့ ဗထူးရပ်ကွက်တွင် ခင်မောင်ထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**


ကောင်းထက်စံ၊ ရဲရင့်၊ စိုင်းနော်ခမ်း(ခ)နော်ခမ်း၊ သက်ပိုင်ဇော်တို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၅၅ | ၃၀၃၅ | ၃၀၁၀ | ၂၉၆၅ | ၃၀၃၅ | ၃၀၅၀ | ၃၀၆၀ | ၃၀၀၅ | ၃၁၄၀ | ၃၁၇၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၇၀ | ၃၀၆၀ | ၃၀၇၅ | ၃၄၇၅ | ၄၄၅၀ |
| 95 Ron | ၃၁၅၀ | ၃၂၃၀ | ၃၂၀၅ | ၃၁၆၀ | ၃၂၃၀ | ၃၂၄၅ | ၃၂၅၅ | ၃၂၁၀ | ၃၃၃၅ | ၃၃၆၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၆၅ | ၃၂၅၅ | ၃၂၆၅ | ၃၆၇၀ | ၄၆၅၀ |
| HSD (500 ppm) | ၂၅၇၀ | ၂၆၅၀ | ၂၆၂၅ | ၂၅၈၀ | ၂၆၅၅ | ၂၆၆၅ | ၂၆၈၀ | ၂၆၃၅ | ၂၇၆၀ | ၂၇၉၀ | ၂၆၄၀ | ၂၆၅၅ | ၂၆၉၀ | ၂၆၇၅ | ၂၆၉၀ | ၃၀၉၅ | ၄၄၅၀ |
| HSD (50 ppm) | ၃၁၉၀ | ၃၂၇၀ | ၃၂၄၅ | ၃၂၀၀ | ၃၂၇၀ | ၃၂၈၅ | ၃၂၉၅ | ၃၂၅၀ | ၃၃၇၅ | ၃၄၀၅ | ၃၂၆၀ | ၃၂၇၅ | ၃၃၀၅ | ၃၂၉၅ | ၃၃၀၅ | ၃၇၁၀ | ၄၄၅၀ |
| HSD (10 ppm) | ၃၁၉၀ | ၃၂၇၀ | ၃၂၄၅ | ၃၂၀၀ | ၃၂၇၀ | ၃၂၈၅ | ၃၂၉၅ | ၃၂၅၀ | ၃၃၇၅ | ၃၄၀၅ | ၃၂၆၀ | ၃၂၇၅ | ၃၃၀၅ | ၃၂၉၅ | ၃၃၀၅ | ၃၇၁၀ | ၄၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၉ | ၂၈၈၈ |
| 95 Ron | ၂၉၈၇ | ၃၀၈၁ |
| HSD (500 ppm) | ၂၄၂၇ | ၂၅၀၅ |
| HSD (50 ppm) | ၃၀၂၆ | ၃၁၁၆ |
| HSD (10 ppm) | ၃၀၂၆ | ၃၁၁၆ |

**မှတ်ချက်**။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အာဆင်နယ်အသင်းသမိုင်းတစ်လျှောက် ပြိုင်ပွဲစုံ အိမ်ကွင်းခုနစ်ပွဲဆက် ဂိုးသွင်းယူနိုင်သည့် ဗန်ပါစီ၏စံချိန်ကို ကိုင်ဟာဗက်လိုက်မီ




လန်ဒန် အောက်တိုဘာ ၆

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)အဖြစ်ကစားသည့် အာဆင်နယ်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့ပွဲစဉ်တွင် အာဆင်နယ်အသင်း တိုက်စစ်ကစားသမား ကိုင်ဟာဗက်က အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် အာဆင်နယ်အသင်းသမိုင်းတစ်လျှောက် ပြိုင်ပွဲစုံ အိမ်ကွင်းခုနစ်ပွဲဆက် ဂိုးသွင်းယူနိုင်သည့် အသင်းကစားသမားဟောင်း ဗန်ပါစီ၏စံချိန်ကို လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းက အိမ်ကွင်း၌ ဆောက်သမ်တန်အသင်းကို ၃ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်၌ ပွဲချိန် ၅၈ မိနစ်တွင် ကိုင်ဟာဗက်က အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ပြီးနောက် အသင်းအိမ်ကွင်း၌ ခုနစ်ပွဲဆက်ဂိုးသွင်းယူနိုင်သည့် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ကိုင်ဟာဗက်သည် ပြီးခဲ့သည့်ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ပီအက်စ်ဂျီအသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ပြီး အာဆင်နယ်အသင်းသမိုင်းတစ်လျှောက် ပြိုင်ပွဲစုံ အိမ်ကွင်းခြောက်ပွဲဆက် ဂိုးသွင်းယူနိုင်သည့် အသင်းကစားသမားဟောင်း အဒီဘာယောနှင့်အူဘာမီယန်းတို့၏ စံချိန်ကို လိုက်မီနိုင်ပြီးနောက် ယခုအခါ ၎င်းတို့ကိုကျော်ဖြတ်ပြီး ဗန်ပါစီ၏စံချိန်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

ကိုင်ဟာဗက်သည် အာဆင်နယ်အသင်းအိမ်ကွင်းပွဲစဉ်များဖြစ်သော ပြီးခဲ့သည့်ဘောလုံးရာသီ မေလက ကစားခဲ့သော အဲဗာတန်အသင်းနှင့်ပွဲစဉ်မှစတင်ပြီး ယခုဘောလုံးရာသီ အိမ်ကွင်းပွဲစဉ်အဖြစ် ကစားသည့် ဝုဗ်အသင်း၊ ဘရိုက်တန်အသင်း၊ ဘော်လ်တန်အသင်း၊ လက်စတာအသင်း၊ ပီအက်စ်ဂျီအသင်း၊ ဆောက်သမ်တန်အသင်းတို့နှင့် အိမ်ကွင်းခုနစ်ပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ကိုင်ဟာဗက်သည် လက်ရှိနည်းပြ အာတီတာလက်အောက်တွင် အဓိက ကစားသမားအဖြစ် ခြေစွမ်းပြလျက်ရှိပြီး ယခုဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၀ ပွဲကစားပြီးချိန်တွင် ခြောက်ဂိုးသွင်းယူနိုင်ပြီး ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်ထားကာ လာမည့်ချန်ပီယံလိဂ်အိမ်ကွင်းပွဲစဉ်အဖြစ်ကစားမည့် ရှက်တာဒိုးနက်စ်အသင်းနှင့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်မည်ဆိုပါက အသင်းသမိုင်းတစ်လျှောက် ပြိုင်ပွဲစုံ အိမ်ကွင်းရှစ်ပွဲဆက် ဂိုးသွင်းယူနိုင်သည့်ကစားသမားအဖြစ် မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။

**Ref;Sky Sports**

# မန်ယူအသင်းက အာဆင်နယ်အသင်းနှင့် လမ်းခွဲခဲ့သည့် လူငယ်ကစားသမား မာတင်ကို ခေါ်ယူနိုင်

မန်ချက်စတာ အောက်တိုဘာ ၆

မန်ယူအသင်းက အာဆင်နယ်လူငယ်အသင်းနှင့် လမ်းခွဲခဲ့သည့် လူငယ်တိုက်စစ်ကစားသမား မာတင်ကို တရားဝင်ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၁၆ နှစ်အရွယ် မာတင်သည် အာဆင်နယ်အသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး အာဆင်နယ်လူငယ်အသင်းများတွင် ခြေစွမ်းပြကစားနိုင်ခဲ့သည့်အတွက် အာဆင်နယ်အသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုကာ ထိန်းသိမ်းရန် ကြိုးပမ်းခဲ့သော်လည်း မာတင်ကိုယ်တိုင်က သက်တမ်းတိုးစာချုပ်ကို ငြင်းဆိုခဲ့ပြီး ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက အသင်းနှင့်လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ မန်ယူအသင်းက ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းက မာတင်ကို အာဆင်နယ်အသင်းမှ ထွက်ခွာခဲ့စဉ်ကတည်းက ခေါ်ယူရန်သဘောတူညီမှုရရှိထားသော်လည်း လက်ရှိအချိန်မှသာ တရားဝင်စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ၎င်းအနေဖြင့် မန်ယူအသင်းကြီးတွင် ကစားခွင့်ရရှိဦးမည်မဟုတ်ဘဲ မန်ယူလူငယ်အသင်းနှင့်သာ ပူးပေါင်းရမည်ဖြစ်ကြောင်း သိရသည်။

**Ref;Fabrzio Romano**

# ပေါ့ဂ်ဘာ၏အနာဂတ်ကို မိမိဆုံးဖြတ်ရမည်မဟုတ်ဘဲ အသင်းကသာဆုံးဖြတ်မည်ဖြစ်ပြီး အသင်းရလဒ်ကောင်းရန်သာ အာရုံစိုက်ထားကြောင်း နည်းပြမော့တာပြောကြား

ရောမ အောက်တိုဘာ ၆

ဂျူဗင်တပ်စ်အသင်းနည်းပြ မော့တာက အသင်းနှင့် မကြာမီပြန်လည်ပူးပေါင်းနိုင်မည့် ကွင်းလယ်ကစားသမားပေါ့ဂ်ဘာ၏အနာဂတ်ကို မိမိဆုံးဖြတ်ရမည်မဟုတ်ဘဲ အသင်းကသာဆုံးဖြတ်မည်ဖြစ်ပြီး မိမိအနေဖြင့် အသင်းရလဒ်ကောင်းရန်သာ အာရုံစိုက်ထားကြောင်း ပြောကြားခဲ့သည်။

အသက် ၃၂ နှစ်အရွယ် ပေါ့ဂ်ဘာသည် ၂၀၂၂ ခုနှစ်က မန်ယူအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် ဂျူဗင်တပ်စ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြန်လည်ပြောင်းရွှေ့ကစားခဲ့သော်လည်း အသင်းသို့စတင်ရောက်ရှိချိန်ကတည်းက ဒဏ်ရာကြောင့် ကာလရှည်အနားယူနေခဲ့ရပြီး ပွဲစဉ်အနည်းငယ်သာ ကစားနိုင်ခဲ့သည်။

ပေါ့ဂ်ဘာသည် ၂၀၂၃ ခုနှစ်က တားမြစ်ဆေးသုံးစွဲသည့်အမှုဖြင့် လေးနှစ်ကြာ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသော်လည်း အယူခံတင်သွင်းမှုများပြုလုပ်ရာတွင် လေးနှစ်ပွဲပယ်ပြစ်ဒဏ်မှ ၁၈ လ ပွဲပယ်ပြစ်ဒဏ်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပြီးနောက် ပေါ့ဂ်ဘာအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ဂျူဗင်တပ်စ်အသင်းနှင့်ပြန်လည်ပူးပေါင်းရမည်ဖြစ်သော်လည်း လက်ရှိတွင် ၎င်းက အသင်းနှင့်စာချုပ်ဖျက်သိမ်းကာ လမ်းခွဲရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

နည်းပြမော့တာက "ပေါ့ဂ်ဘာရဲ့အနာဂတ်က ကျွန်တော်ဆုံးဖြတ်ရမှာမဟုတ်ပါဘူး။ အသင်းကပဲဆုံးဖြတ်ရမှာပါ။ ပေါ့ဂ်ဘာက အသင်းမှာ ခမ်းနားတဲ့ကစားသမားတစ်ဦးဖြစ်ခဲ့ဖူးပါတယ်။ သူ့အနေနဲ့ ဘောလုံးမကစားတာ နှစ်နဲ့ချီနေပါပြီ။ ကျွန်တော့်အတွက်ကတော့ အသင်းရလဒ်ကောင်းဖို့ကိုပဲ အာရုံစိုက်ထားပါတယ်"ဟု ပြောသည်။

**Ref;Goal.com**

# လီဗာပူးအသင်းဂိုးသမား အလီဆန်ဘက်ကာ တံကောက်ကြောဒဏ်ရာကြောင့် ယခုလအတွင်းကစားမည့်ပွဲစဉ်များကို လွဲချော်မည်



လန်ဒန် အောက်တိုဘာ ၆

လီဗာပူးအသင်း အဓိကဂိုးသမား အလီဆန်ဘက်ကာသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် လီဗာပူးအသင်းတို့ကစားသည့်ပွဲစဉ်တွင်ရရှိခဲ့သော တံကောက်ကြောဒဏ်ရာကြောင့် ယခုလအတွင်း ကစားမည့်ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပွဲစဉ်(၇)အဖြစ် ကစားခဲ့သည့် လီဗာပူးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို ၁ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်၌ အလီဆန်ဘက်ကာသည် ပွဲချိန် ၇၉ မိနစ်တွင် တံကောက်ကြောဒဏ်ရာရရှိပြီးနောက် ဆက်လက်ကစားနိုင်ခြင်းမရှိသည့်အတွက် အသင်းဖော် ဂိုးသမားဂျာရို့စ်နှင့် လူစားလဲထွက်ခွာခဲ့ရသည်။

အလီဆန်ဘက်ကာ၏ ခြေချင်းဝတ်ဒဏ်ရာမှာ ပြင်းထန်မှုမရှိသော်လည်း ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန် အချိန်ကာလတစ်ခုအထိ အနားယူရမည်ဖြစ်သည့်အတွက် ယခုလအတွင်းကစားမည့် ချယ်လ်ဆီးအသင်း၊ လိုက်ပဇစ်အသင်း၊ အာဆင်နယ်အသင်း၊ ဘရိုက်တန်အသင်းတို့နှင့် အရေးကြီးပွဲစဉ်များကို လွဲချော်ရမည့်အပြင် ဘရာဇီးအသင်းနှင့် နိုင်ငံတကာပွဲစဉ်ကိုလည်း လွဲချော်မည်ဖြစ်သည်။

အလီဆန်ဘက်ကာအနေဖြင့် ခြေချင်းဝတ်ဒဏ်ရာကြောင့် ယခုလအတွင်းကစားမည့်ပွဲစဉ်များအပြင် နိုဝင်ဘာလ ၆ ရက်တွင်ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်ဖြစ်သည့် လေဗာကူဆင်အသင်းနှင့်ပွဲစဉ်ကိုပါ လွဲချော်ဖွယ်ရှိကြောင်း သိရသည်။

**Ref;Sportmole**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **သစ်တောသစ်ပင်များကို ချစ်မြတ်နိုးကြရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်ရမည်ဟူသည့်စိတ်မွေး၍ ဆောင်ရွက်ကြရန်. . .**

❖ **အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး သစ်ပင်များကို စနစ်တကျဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဖြစ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ပထမအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ စိုင်ခြုံကျေးရွာအနီးရှိ ဝက်အင်းနဂါးရွှံ့မီးတောင် ပေါက်ကွဲမှုဖြစ်ပွား

ဝက်အင်းနဂါးရွှံ့မီးတောင်အုပ်စုမှ ရွှံ့မီးတောင်ပေါက်ကွဲမှုအခြေအနေပြပုံ။








**နေပြည်တော် အောက်တိုဘာ ၆**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ စိုင်ခြုံကျေးရွာအနီးတွင် ဒေသအခေါ် ဝက်အင်းနဂါးအမည်ရှိ ရွှံ့မီးတောင် ၄ ခုပါ မီးတောင်အုပ်စုမှ မြောက်ဘက်အစွန်ဆုံး မီးတောင်သည် အောက်တိုဘာလ ၅ ရက် နံနက် ၁၁ နာရီခန့်တွင် မိနစ် ၃၀ ကြာ ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ရာ **စာမျက်နှာ ၂၇ ကော်လံ ၁ ➔**

---

ဆောင်းပါး

**အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မည့် မြန်မာ့ကမ်းခြေစောင့်တပ်ဖွဲ့**

စာ - ၆ သို့

**လောင်းလုံးမြို့နယ်နှင့် တီးတိန်မြို့နယ်တို့မှ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနေသည့် အဖွဲ့ဝင်များအား အကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တား၊ ဖမ်းဆီးခေါ်ဆောင်**

စာ - ၂၇ သို့



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563